www.burmeseclassic.com

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်



## ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား
## ငါ့တပ်မတော်အတွက်

www.burmeseclassic.com

နေဝိုးကျော်

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ - ၁၀၀၀**

**တန်ဖိုး - ၂၀၀၀၊**

ထုတ်ဝေသူ

ဒေါ်မိမိလှိုင်

မိုးကျော်စာပေ(မြဲ - ၀၀၂၂၈)

အမှတ် ၁၂၉/၂၊ မီးဒုံးလမ်း၊ သုဝဏ္ဏ။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်နှင်းနှင်းအိ (၀၀၃၉၃)

အဏ္ဏဝါမင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ဗိုလ်ကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၂၆၀၅၇၅၇၅၅

ဖြန့်ချိရေး

မိုးကျော်စာပေ

အမှတ်(၃၈၅ - ၃၈၇)၊ ဗိုလ်ချုပ်လမ်းမကြီး၊ (၂၉လမ်းနှင့်ရွှေဘုံသာလမ်းကြား)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၇၃၀၂၉၅၉၁/၀၉-၅၀၂၉၀၆၅/

၀၉-၄၂၀၁၇၁၁၆/၀၉-၂၅၀၀၂၂၃၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

သို့မဟုတ်

ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက်

---

နေစိုးထက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



- ရတနာမြတ်သုံးပါး
  အနန္တောအနန္တငါးပါး ဦးထိပ်ထား၍
- ဘဝတစ်ကွေ့ တွေ့ခဲ့ရသည့်
- ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ
- ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ
- စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူ

"ချစ်သူ၊ မုန်းသူ"

တို့အား

ထာဝရဂါရဝဖြင့်

**နေစိုးထက်**

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
သို့မဟုတ်
ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား
ငါ့တပ်မတော်အတွက်
(နေစိုးထက်)

# မာတိကာ

နိဒါန်း
သို့မဟုတ်
တပ်တော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

အပိုင်း(တစ်)
မြန်မာနိုင်ငံတပ်မတော်နှင့် ကာကွယ်ရေးဦးစီးချုပ်များ
၁။ မြန်မာ့သမိုင်းနှင့် တပ်မတော်
၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တပ်မတော်
၃။ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ
၄။ နိုင်ငံနှင့်လူမျိုးအရေး အဓိကထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ
(က) ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း
(ခ) ဗိုလ်ချုပ်မှူးကြီးစောမောင်
(ဂ) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(နှစ်)

## မြန်မာနိုင်ငံကို အလှဆုံးအရောင်ခြယ်မည့်သူ


၅။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(သို့မဟုတ်)
ချိုသောအပြုံးရှင်

၆။ တပ်မတော်သားဘဝ ဖြတ်သန်းခြင်း

၇။ ဗိုလ်ချုပ်မှူးကြီး၏ အရွယ္ဘုံ၊ အတွေးအမြင်

၈။ တပ်မတော်နှင့် အမျိုးသားရေးဦးဆောင်မှု

၉။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏
ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပေါ်
တာဝန်ကျေမှု၊ ဒီမိုကရေစီအပေါ် အမြင်ကြည်လင်မှု

၁၀။ ကာကွယ်ရေးဦးစီးချုပ်နှင့်
Stanadard Army တည်ဆောက်ခြင်း

၁၁။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြည်သူအပေါ်ထားရှိသည့်စိတ်ထား

၁၂။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်
အမျိုးသားရင်ကြားစေ့ရေး အတွေးအမြင်

၁၃။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွေးအမြင်

၁၄။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ကိုးကန့်ဒေသတိုက်ပွဲ

၁၅။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ရခိုင်ပြည်နယ်အရေးအမြင်


www.burmeseclassic.com

www.burmeseclassic.com



၁၆။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘောထားအမြင်

၁၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏
အနာဂတ်နိုင်ငံရေးတာဝန်

အပိုင်း(သုံး)

ပြည်သူအတွက် ထာဝရမျက်စိဖွင့်ထားသူ

- နိုင်ငံရေး၊ ပြည်သူ့အရေးနှင့် ပတ်သက်၍ လမ်းညွှန်သတိပေးချက်များ

နိဂုံး

ကျမ်းကိုးစာရင်း

www.burmeseclassic.com

www.burmeseclassic.com





အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com





**၁၉၄၉ အင်းစိန်တိုက်ပွဲကာလမှစ၍ မြန်မာ့တပ်မတော် စစ်ဦးစီးချုပ် ဖြစ်လာသူ ဗိုလ်ချုပ်ကြီးနေဝင်း**

"ငါတို့တပ်မတော်တွင် ကမ္ဘာအရပ်ရပ်ရှိ တပ်မတော်များ၌ ရှိသော အင်္ဂါအရပ်ရပ် အားလုံးရှိရမည်။ အဓိကအားဖြင့် အောက်ပါချက်(၂)ချက်တွင် ပိုမိုထူးချွန်ရမည်"

(၁) အမျိုးအစား ပို၍ကောင်းရမည်။

(၂) ပြည်သူလူထုနှင့် တစ်ဆက်တည်း ဖြစ်ရမည်။

**ဗိုလ်ချုပ်ကြီးနေဝင်း**

**၁၉၆၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့**

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

"မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်အပေါ် အခြေခံပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်အတူ ပြည်သူကြားမှ ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်"

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက်**
**တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား**
**နေပြည်တော်**

www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း
သို့မဟုတ်
တပ်မတော်အင်အားရှိမှ
တိုင်းပြည်အင်အားရှိမည်

www.burmeseclassic.com

www.burmeseclassic.com



# (၁)

သည်သီချင်းကို ငယ်ငယ်ကတည်းက ကြားခဲ့ဖူးသည်။ လွတ်လပ်ရေး မတိုင်မီကတည်းက ဒီသီချင်းက ရေပန်းစားခဲ့သည်။

အရွယ်ရောက်လာတော့ "ဒီသီချင်းက ဗိုလ်ချုပ်ကိုယ်တိုင် ရေးခိုင်းခဲ့သည့်သီချင်း"ဟု သိရသည်။

ဗိုလ်ချုပ်ကို လေးစားခဲ့သည်။

အနာဂတ်အတွက် ဗိုလ်ချုပ်က အမြော်အမြင် ကြီးခဲ့သည်။ ရည်မှန်းချက် မြင့်မားခဲ့သည်။

ရာပေါင်းများစွာသော မျိုးချစ်ပုဂ္ဂိုလ်များ၊ တိုင်းရင်းသား လူမျိုးစုများ အသက်၊ သွေး၊ ချွေးနှင့် စတေး၍ ရယူပေးခဲ့သည့် "လွတ်လပ်ရေး"ကို ကာကွယ်ရန်အတွက် "တပ်မတော်"ရှိရမည်။ ဤတပ်မတော်သည် အင်အားပြည့်ဝသော တပ်မတော် ဖြစ်ရမည်ဟု ရည်ညွှန်းခဲ့ကြောင်း သိလာသည်။

ဗိုလ်ချုပ်ကိုယ်တိုင်က အင်အားတောင့်တင်းသည့်၊ အဆင့်အတန်းမြင့်သည့် တပ်မတော်ရှိရန် လမ်းညွှန်ခဲ့သည်က သမိုင်းနှင့်အတူ ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော် အင်အားချို့တဲ့နေလျှင် နိုင်ငံကို မည်သို့ကာကွယ်မည်နည်း။ ပြည်သူတို့၏ အသက်စည်းစိမ်ကို မည်သို့ ကာကွယ်မည်နည်း။

ထို့ကြောင့် တပ်မတော် အင်အားရှိဖို့ လိုသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



# (၂)

အင်အားပြည့်ဝသော တပ်မတော်သည် နိုင်ငံအတွက် အလုံခြုံဆုံး စည်းရိုးသာ ဖြစ်သည်။

အိမ်တစ်အိမ်တွင် စည်းရိုးမလုံပါက ထိုအိမ်သည် လုံခြုံစိတ်ချရသော အိမ်မဟုတ်။ ထို့အတူပင် နိုင်ငံတစ်နိုင်ငံတွင် ခေတ်မီအင်အားပြည့်ဝသည့် တပ်မတော်တစ်ခု မရှိလျှင် ကျူးကျော်ရန်စမှုမျိုးစုံကို ခံရနိုင်၏။

မျိုးချစ်သူရဲကောင်းများ တိုင်းရင်းသားလူမျိုးစုများ အသက်သွေးနှင့် စတေး၍ ရယူပေးခဲ့သည့် လွတ်လပ်ရေး ဆုံးရှုံးနိုင်သည်။

ကမ္ဘာ့နိုင်ငံများတွင် ခေတ်မီတောင့်တင်းသည့် တပ်မတော်သည် ရှိနေ၏။ မြန်မာနိုင်ငံသည်လည်း ခေတ်မီတောင့်တင်းသည့် တပ်မတော် ရှိနေရမည်။

တပ်မတော်သည် နိုင်ငံတစ်နိုင်ငံ၏ အခိုင်မာဆုံးသော လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သည်။ မည်သည့်တန်စိုးလက်ဆောင်မှ မရရှိဘဲ၊ ကောင်းဆိုဘဲ၊ အသက်စွန့်၍ နိုင်ငံကို ကာကွယ်သည့် အဖွဲ့အစည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကောင်းစွာနေ၊ ကောင်းစွာစားသောက်နေချိန်တွင် တပ်မတော်သားတို့ စစ်မြေပြင်၌ ငွေကြယ်ပွင့်တွေ ကြွေသလို ကြွေနေရသည်ကို ပြည်သူတွေ သိသင့်သည်။

အဘယ့်ကြောင့် တပ်မတော်ကို ပုတ်ခတ်နေကြသနည်း။ ဘာ့ကြောင့် အင်းအားချည့်နဲ့အောင် ပြုမူနေကြသနည်း။

တလောက နာမည်ကြီး ဂျာနယ်ကြီးတစ်ခု၌ စစ်ဘက် အရပ်ဘက် ကျွမ်းကျင်ပညာရှင် ဆိုသူကို အင်တာဗျူးလုပ်သည်။ အံ့သြစရာပင်။ ထိုပုဂ္ဂိုလ်က တပ်မတော် အဆင့်အတန်း မြင့်မားလာခြင်း၊ အင်အားတောင့်တင်းလာခြင်းသည် ပြည်သူ့အတွက် စိုးရိမ်စရာဟု ပြော၏။

ယင်းပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း မသိဘဲ သီအိုရီစကားတွေ ပြောသည်။

စင်စစ် ဤစကားက ဒီမိုကရေစီဟန်ရေးပြ စကားနှင့် တပ်မတော်နှင့် ပြည်သူ သွေးခွဲစကား ဆိုခြင်းပင်။

ကျွန်တော်တို့ နိုင်ငံမှ တပ်မတော်သည် "ကြေးစား" တပ်မတော် မဟုတ်။ အမျိုးသားရေးသစ္စာခံ တပ်မတော် ဖြစ်သည်။

အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှု မရှိစေရန် ကာကွယ်သည့် တပ်မတော်သာဖြစ်သည်။

ကမ္ဘာကိုကြည့်လျှင် တပ်မတော် အင်အားချို့တဲ့သဖြင့် လွတ်လပ်ရေး ဆုံးရှုံးရသည့် နိုင်ငံတွေ များစွာရှိသည်။

တပ်မတော်နှင့် ပြည်သူ သွေးကွဲအောင် သွေးခွဲစကား ဆိုသည်ကို ယုံခဲ့သဖြင့် အီရတ်၊ အာဖဂန်နစ္စတန်၊ လစ်ဗျား နိုင်ငံတို့ ပျက်စီးခဲ့ရသည်။

ဗိုလ်ချုပ်နှင့်အတူ တပ်မတော် ခေါင်းဆောင်တွေက "နိုင်ငံ၏ အင်အား နိုင်ငံတွင်းမှာပဲရှိသည်" ဟု မိန့်ကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံနှင့် တပ်မတော် ညီညွတ်နေဖို့ လိုသည်။ တပ်မတော်သည် ပြည်တွင်းရန်၊ ပြည်ပရန်ကို ကာကွယ်နေသည်။

နိုင်ငံကာကွယ်ရေး အင်အားစုဖြစ်သည့် တပ်မတော် အင်အားရှိရန် လိုသည်။

တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ကို သိရန်လိုသည်။ ဘေးပြောသူကို မယုံဘဲ သွေးပြောသည်ကိုပဲ ယုံရမည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်ဖခင် တပ်မတော်ခေါင်းဆောင် ဖြစ်သည်။

ဗိုလ်ချုပ် ဦးဆောင်သည့် တပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်ကိုလည်း တိုက်ခဲ့သည်။

ဘီအိုင်အေ၊ ဘီဒီအေ စသည်ဖြင့် အမည်အမျိုးမျိုး ရှိခဲ့သော်လည်း လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးရပြီးနောက် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် တပ်မတော်သည် ပြည်တွင်းရန် ပြည်ပရန်ကို တိုက်ခိုက်ချေဖျက်ပြီး လွတ်လပ်ရေးကို ကာကွယ်ခဲ့သည်။

နိုင်ငံသစ်များကိုလည်း တပ်မတော်ကသာ တည်ဆောက်ခဲ့သည်ကို သမိုင်းသက်သေရှိသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ကြည့်လျှင်...

ပထမမြန်မာနိုင်ငံ ထူထောင်ခဲ့သည့် အနော်ရထာ။

ဒုတိယမြန်မာနိုင်ငံ ထူထောင်ခဲ့သည့် ဘုရင့်နောင်။

တတိယမြန်မာနိုင်ငံ ထူထောင်ခဲ့သည့် အလောင်းဘုရား။



www.burmeseclassic.com

www.burmeseclassic.com



စသည့် ပုဂ္ဂိုလ်တို့သည် စစ်ဘုရင် ဗိုလ်ချုပ်ကြီးများပင်။

ထို့အတူ စတုတ္ထမြန်မာနိုင်ငံ ထူထောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း သည်လည်း စစ်ဗိုလ်ချုပ်ပင်။ သူတို့က အမျိုးသားရေး သစ္စာမဖောက် သော အမျိုးသားသူရဲကောင်းများပင်။

နိုင်ငံလွတ်လပ်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဆည်ဆောက်ခဲ့ကြ၏။

သို့သော်... အချို့က အနော်ရထာနှင့် ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ပြည်တောင် ထူထောင်သူများ ဖြစ်သည်ဟု ပြောကြ၏။

အနော်ရထာခေတ်က အနော်ရထာသည် တိုင်းရင်းသား ချစ်ကြည် ရင်းနှီးမှု၊ ဘာသာ သာသနာ ထွန်းကားရေး လုပ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မဟာဗမာဝါဒ ထူထောင်သူ ဟုတ်သည်ကို ပင်လုံက သက်သေဟု ဆိုရမည်။

ဗိုလ်ချုပ်၏ပင်လုံသည် စင်စစ် ပင်လုံ(၂)သာ ဖြစ်သည်။ ပင်လုံ၌ ပထမဆုံး ပင်လုံညီလာခံ လုပ်ခဲ့သည်က ဂျွန်ဦးစောနှင့် ဘုရင်ခံ ဒေါ်မာန်စမစ်တို့ ဖြစ်သည်။

သူတို့က နယ်ချဲ့အလိုကျ မြန်မာပြည်မအား လုံးဝလွတ်လပ်ရေး ပေး၍ တောင်တန်းဒေသအား အင်္ဂလိပ်လက်အောက်ခံ လွတ်လပ်ရေး ပေးရန် ညှိနှိုင်းခဲ့ရာ သဘောတူခဲ့သည်။

ဗိုလ်ချုပ်သည် ပြည်မနှင့် တောင်တန်းဒေသ တစ်ပြေးညီလွတ် လပ်ရေးရရန် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံ(၂)ကြောင့် ဂျွန်ဦးစောနှင့် ဘုရင်ခံ ဒေါ်မာန်စမစ်တို့ စီစဉ်သည့် ပင်လုံ(၁) ပျောက်သွားခဲ့သည်။

ဗိုလ်ချုပ်သည် တစ်ပြည်တောင် ထူထောင်သူဆိုလျှင် ပင်လုံ(၂) ကို ကြိုးစားမည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဤစာအုပ်သည် တပ်မတော်နှင့် အမျိုးသားရေးစွမ်းဆောင်ချက်ကို သူ့အပိုင်းနှင့်သူ တင်ပြချင်သဖြင့် ရေးသားရခြင်း ဖြစ်သည်။ တပ်မတော် ခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်တစ်ဦး၏ နိုင်ငံနှင့် လူမျိုး အတွက် စွမ်းဆောင်ချက်၊ အတွေး အမြင် ခံယူချက်ကို တင်ပြရခြင်း ဖြစ်သည်။

အမျိုးသားရေးကို သစ္စာမဖောက်သော၊ အာဏာရှင် မဟုတ်သော တပ်မတော်ခေါင်းဆောင်တစ်ဦးအကြောင်းကို လေ့လာမိသမျှ ရေးသား ခဲ့ခြင်းသည် နိုင်ငံအတွက် လူမျိုးအတွက် အကျိုးပြုခြင်းဟု ခံယူပါသည်။

ထို့အတူ ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက် အသက်စွန့်မည်ဟု အမိဋ္ဌာန်ပြုခဲ့သည့် တပ်မတော်အတွက် ဂုဏ်ပြုခြင်း လည်းရောက်၏။


အချုပ်အခြာပိုင်သည့် လွတ်လပ်ရေး မဆုံးရှုံးစေရန် ကာကွယ်နေ သည့် တပ်မတော်သားများနှင့် တပ်မတော်ခေါင်းဆောင်များ အသက် ရာကျော် ရှည်ပါစေဟု ဆုတောင်းရင်း...

အမိမြေကို ကာကွယ်နေသူတို့၏ကိုယ်စား...

နေစိုးထက်
၁၈၀/က၊ ဘုရင့်ဖီလမ်း
၁၁–ရပ်ကွက်၊ လှိုင်သာယာမြို့။
ဖုန်း – ၀၉၃၁၀၈၅၉၉
၀၉၂၅၃၅၁၂၈၅
၀၉၉၆၅၂၁၂၅၉၀



www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တွေ့မြင်ရသော ဗိုလ်ချုပ်နေဝင်း
၁၉၄၇–ခုနှစ်၊ ဧပြီလ(၅)ရက်၌ လယ်ဝေးမြို့ ဆရာတော် ဦးဓောတိက၏ ပေါက်မြိုင်ကျောင်းအတွင်း
သတင်းစာဆရာ ဦးပုလေး ရိုက်ကူးထားသောပုံ



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(တစ်)

# မြန်မာနိုင်ငံတပ်မတော်
# နှင့်
# တပ်မတော်
# ကာကွယ်ရေးဦးစီးချုပ်များ

www.burmeseclassic.com

www.burmeseclassic.com



# (၁) မြန်မာ့သမိုင်းနှင့်တပ်မတော်

နိုင်ငံတိုင်းတွင် နိုင်ငံ့သမိုင်းဟု ရှိသည်။ မြန်မာပြည်တွင်လည်း မြန်မာ့သမိုင်းသည် အထင်ကရရှိ၏။

မြန်မာနိုင်ငံသည် ကိုယ့်အရှင် ကိုယ့်သခင်နှင့် ကိုယ့်ထီး ကိုယ့်နန်းနှင့် လွတ်လပ်သော နိုင်ငံဖြစ်သည်။ သို့သော်... နယ်ချဲ့အင်္ဂလိပ်တို့၏ မတရား သိမ်းပိုက်ခံခဲ့ရသဖြင့် အချုပ်အခြာ အာဏာပိုင်သည့် လွတ်လပ်ရေး ဆုံးရှုံးခဲ့သည်။

ကျွန်အောက်မှ သဘောက်ဘဝသို့ ရောက်ခဲ့သည်။

သို့သော် မြန်မာတို့သည် ဒူးထောက် အညံ့ခံတတ်သူများ မဟုတ်။ ဓားလက်နက် စွဲကိုင်ပြီး နယ်ချဲ့ကို တွန်းလှန် တိုက်ခိုက်ခဲ့သည်။

စနစ်ကျသည့် တော်လှန်မှု မဟုတ်သဖြင့် မအောင်မြင်ခဲ့။ ပြောရလျှင် မြန်မာနိုင်ငံ ထီးကျိုးစည်ပေါက် ပြည်ပျောက်ရသည်မှာလည်း မြန်မာတွေ ညံ့၍မဟုတ်။

လက်နက်အင်အား လူအင်အား မပြည့်စုံသဖြင့် ဆုံးရှုံးရခြင်းဖြစ်သည်ကို သမိုင်းကို လေ့လာသူတိုင်း သိမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတစ်နိုင်ငံအတွက် အမိမြေကိုချစ်သော စစ်သားကောင်းတွေလိုသလို ခေတ်မီလက်နက် ရှိရမည်။ ဒါက နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်ချက် ဖြစ်သည်။

✤

မြန်မာနိုင်ငံအတွက် တပ်မတော်သည် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းရန် ပြည်ပရန် ကာကွယ်သည့် တပ်မတော်တစ်ခု မရှိလျှင် ဘယ်မှာ ပြည်သူ့ဘဝ လုံခြုံမည်နည်း။

မြန်မာနိုင်ငံတွင် တပ်မတော်တစ်ခု ပေါ်ပေါက်ခဲ့သည်မှာ သမိုင်းလိုအပ်ချက်အရ ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်။

မျိုးချစ်ပုဂ္ဂိုလ်များသည် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေး ပြန်လည်ရယူနိုင်ဖို့အတွက် နိုင်ငံရေးနည်းနှင့်လည်း လုပ်၍မရ၊ လက်နက်ကိုင်တော်လှန်မှ ရမည်ဟု သိသဖြင့် လက်နက်ကိုင် တော်လှန်ခဲ့သည်။

ယင်းသို့ လက်နက်ကိုင် တော်လှန်သည့် နေရာ၌လည်း စနစ်တကျ တော်လှန်မှ ရမည်ဟု သိသဖြင့် တပ်မတော် ဖွဲ့ခဲ့သည်။ စနစ်တကျ စစ်ပညာသင်ပြီး နယ်ချဲ့ကို တော်လှန်ခဲ့သည်။

ဖက်ဆစ်ကို တော်လှန်ခဲ့သည်။

စင်စစ် ရဲဘော်သုံးကျိပ်နှင့် တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အသေအချာ စဉ်းစားကြည့်လျှင် မြန်မာနိုင်ငံ၏ တပ်မတော်သည် သမိုင်း၏ လိုအပ်ချက်အရ ပေါ်ပေါက်လာသည့် တပ်မတော်ဖြစ်သည်။

ထိုတပ်မတော်၏ ဦးစီးဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။ ထို့ပြင် အချုပ်



www.burmeseclassic.com

www.burmeseclassic.com



အခြား အာဏာပိုင်သည့် လွတ်လပ်ရေး မဆုံးရှုံးစေရန် တပ်မတော်သည် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်ခဲ့၏။

ဆောင်ရွက်နေဆဲ ဖြစ်သည်။

✤

မြန်မာနိုင်ငံသည် အခြားသော နိုင်ငံများနည်းတူ နိုင်ငံ့သမိုင်းသည် ရှိ၏။ မြန်မာနိုင်ငံ၏ နိုင်ငံ့သမိုင်းကို သုံးသပ်လေ့လာကြည့်လျှင် ...

(၁) မြန်မာနိုင်ငံသည် ကိုလိုနီအပြုခံရသည့် နိုင်ငံဖြစ်သည်။

(၂) သယံဇာတပေါကြွယ်သည့် နိုင်ငံဖြစ်သည်။

ယင်းကြောင့် နယ်ချဲ့ဖူးသူများနှင့် နယ်ချဲ့စိတ်ဓာတ် ရှိသူတိုင်းသည် မြန်မာနိုင်ငံအား ကျူးကျော်နယ်ချဲ့ သိမ်းပိုက်နိုင်ရန် စိစဉ်ကြိုးပမ်းခဲ့ကြ၏။

သို့ နယ်ချဲ့ရန် ကြိုးပမ်းရသည်မှာ မြန်မာနိုင်ငံ၏ သယံဇာတများအား အလကားနည်းပါး ချိုချိုချောင်ချောင် ရယူချင်ကြသောကြောင့် ဖြစ်သည်။

ယင်းသို့ စိစဉ်ကြိုးပမ်းရာ၌ ယခင်က လက်နက်အားကိုး၊ လက်နက်အသာစီးနှင့် နယ်ချဲ့ကြသည်။ ကျူးကျော် နယ်ချဲ့ကြသည်။

ယခုအခါတွင် ဤသို့မဟုတ်ကြတော့။ ခေတ်သစ်နယ်ချဲ့နည်းကို သုံးလာကြသည်။ ဤနည်းများထဲတွင် ညီကိုနှောင်ရင်း တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲစေရန် သပ်လျှိုခြင်းသည် တစ်ကြောင်းပါသလို အဆိုးဆုံးဟုလည်း ဆိုနိုင်၏။

ဤသို့ သွေးခွဲစနစ်ကြောင့် ညီကိုနှောင်ရင်းချင်း စိတ်ဝမ်းကွဲကြသည်။ ဒါကို အိမ်ကြက်ချင်း အိုးမဲသုတ်တိုက်သည့် စနစ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့၏ သွေးခွဲမှုကြောင့် တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲကြသည်။

သို့နှင့် ပြည်တွင်းသောင်းကျန်းမှု ပေါ်ခဲ့သည်။ သည်အခါ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်တွင်းမှ သယံဇာတများကို နှိုက်ယူကြသည်။

သွေးကွဲသဖြင့် မလိုအပ်ဘဲ စစ်ခင်းသည်များ ရှိခဲ့သည်။

သည်အခါ အမျိုးသားကာကွယ်ရေးအမြင်နှင့် ဖွဲ့စည်းထားသည့် တပ်မတော်သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူတို့ အသက်စည်းစိမ် လုံခြုံရေးအတွက် တိုက်ပွဲဝင်ရသည်။

တပ်မတော်သားတို့ စစ်တိုက်ရသည်မှာ အာဏာတည်ဆောက်ရေးမဟုတ်။

သို့သော် စည်းလုံးညီညွတ်မှုကို မလိုလားသော နယ်ချဲ့များနှင့် နယ်ချဲ့လက်သစ် လက်ပါးစေများက တပ်မတော်ကို နည်းမျိုးစုံနှင့် ပုတ်ခတ်ကြ၏။

တပ်မတော်အား လက်နက်နှင့် အနိုင်ကျင့်သည့် အာဏာရှင်ဟု ဆိုကြ၏။ လူများစုဒုက္ခကို ဥပေက္ခာပြု၍ လူနည်းစုဒုက္ခကို လက်ညှိုးထိုးကာ တပ်မတော်ကို အပြစ်ဖို့ကြသည်။

သို့ပါသော်လည်း အမျိုးသားရေး အမြင်အရ လွတ်လပ်ရေးနှင့်အတူ တပ်မတော်သည် ပေါ်ပေါက်လာခဲ့သလို အမျိုးသားရေးကို သစ္စာမဖောက်၊ အာဏာရှင်မဟုတ်သည်ကို သမိုင်းကို မှန်ကန်စွာ လေ့လာသူတိုင်း သိကြသည်တည်း။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၂) ဗိုလ်ချုပ်အောင်ဆန်းနှင့်တပ်မတော်

မြန်မာ့တပ်မတော်အကြောင်းကို မှန်ကန်စွာ လေ့လာသင့်သည်။ မြန်မာ့တပ်မတော်သမိုင်းကို မှန်ကန်စွာ လေ့လာသူတိုင်းက တပ်မတော်သည် အာဏာရှင်မဟုတ်၊ အမျိုးသားရေး သစ္စာမဖောက်သည်ကို လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်ကို တည်ထောင်သူ၊ တပ်မတော်ဖခင် ဖြစ်သည်ကို လည်းကောင်း သိကြမည် ဖြစ်၏။

ထို့အတူ ဘာကြောင့် ဗိုလ်ချုပ် တပ်မတော်ဖွဲ့သည်ကိုလည်း သိထိုက်မည်။

"ဗမာ့တပ်မတော်ဖွဲ့ရန် ဂျပန်ပြည်ကိုကွယ် တကယ်ပဲ အသက်နဲ့လဲလို့ ကြံကာဖန်ရှာတယ်၊ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"

ဟူသည်မှာ သမိုင်းသက်သေဟု ဆိုရမည်ပင်။

မှန်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအား နိုင်ငံရေးနည်းနဲ့ ရရေတော့ လက်နက်စွဲကိုင် တိုက်ပွဲဝင်မှ ဖြစ်တော့မည်ဟု အသိဝင်ခြင်း တပ်မတော်ဖွဲ့နိုင်ရန် ရဲဘော်သုံးကျိပ်ကို စုစည်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ
ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ဘီအိုင်အေတပ်မတော်ကို ဖွဲ့ခဲ့၏။ ထိုဘီအိုင်အေတပ်မတော်သည် ဂျပန်ပြည်တွင် စစ်ပညာကို စနစ်တကျ သင်ကြားပြီး ဂျပန်နှင့်ပူးပေါင်း ကာ ဗြိတိသျှကို တိုက်ခဲ့၏။

ဂျပန်ခေတ်တွင် ဘီအိုင်အေတပ်မတော်ကို ဖျက်သိမ်းပြီး ဘီဒီအေ တပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဂျပန်ကို တော်လှန်ခဲ့၏။

နယ်ချဲ့ရန် ဖက်ဆစ်ရန်ကို တပ်မတော်ဦးဆောင်မှုဖြင့် တိုက်ယူ ခဲ့သည်မှာ သမိုင်းသက်သေ အထင်အရှားရှိ၏။ တပ်မတော်၏ စစ်ရေး၊ နိုင်ငံရေးနည်းအရ ဦးဆောင်ခဲ့သဖြင့် ၁၉၄၈–ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် နေ့တွင် လွတ်လပ်ရေး ရခဲ့သလို ကန္တီစာချုပ်အရ၊ ဗမာ့တပ်မတော်အား အင်အားလျှော့ချခဲ့သလို လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းသောင်းကျန်း မှုမီးကို မွေးပေးခဲ့သည်။

ဤနေရာတွင် စာရှုသူတို လေ့လာသုံးသပ်ကြည့်နိုင်ရန် နယ်ချဲ့၏ ပရိယာယ် ရွှေဉာဏ်ကျယ်မှုကို တင်ပြလိုသည်။ နယ်ချဲ့တို့သည် နိုင်ငံ ကြီးသားများ ဖြစ်သလို ပရိယာယယ်ကြွယ်လှသည်။ ဉာဏ်များ၏။

နယ်ချဲ့တို့သည် မြန်မာ့တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင် ဆန်းသည် မြန်မာပြည်သာမဟုတ် အာရှအတွက်ပါ ထင်ရှားသူဖြစ်သဖြင့် သူတို့အတွက် ခလုတ်ကန်သင်းဟု ထင်မှတ်ပုံရသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ လက်ပါးစေတစ်ပိုင်း ဖြစ်နေသည်။ ဂဠုန် ဦးစောအား သွေးထိုးပေးခြင်း၊ ပံ့ပိုးကူညီမှုပေးခြင်းများနှင့် အစီအစဉ်သစ် ရေးဆွဲခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ဗိုလ်ချုပ်နှင့်တကွ နိုင်ငံ အတွက် အထူးအရေးပါသည့် ခေါင်းဆောင်များအား လုပ်ကြံခဲ့သည်။ မြန်မာ့သမိုင်းတွင် ဂဠုန်ဦးစောသည် လုပ်ကြံမှုတရားခံ ဖြစ်ခဲ့သော်လည်း ထိုလုပ်ကြံမှု အထမြောက်စေရန် လက်နက်ခဲယမ်း လိုအင်သမျှအား



www.burmeseclassic.com

www.burmeseclassic.com



ဉပါယ်တမျှင်ဖြင့် ပုံပိုးကူညီသည်မှာ နယ်ချဲ့အင်္ဂလိပ်တို့ ဖြစ်သည်ကို သမိုင်းသက်သေ ရှိနေသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံ အနာဂတ်အတွက် အမြော်အမြင်ကြီးသူ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းက နယ်ချဲ့၏ဉပါယ်တမျှင်နှင့် လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ပြီ မဟုတ်သား။

ဗိုလ်ချုပ် ကျဆုံးခြင်းသည် တပ်မတော်အတွက် ဆုံးရှုံးမှုဖြစ်သလို မြန်မာနိုင်ငံအတွက် အဖိုးဖြတ်မရသည့် ဆုံးရှုံးမှုဟု ဆိုရမည်။

သို့သော်… တပ်မတော်သည် စနစ်တကျ၊ စည်းကမ်းတကျ ဖွဲ့စည်းထားသည့် တပ်မတော် ဖြစ်သဖြင့် ပြိုကွဲမသွားခဲ့။

ကျစ်လစ်ခိုင်မာစွာပင် အချုပ်အခြာ အာဏာပိုင်သည့် လွတ်လပ်ရေး မဆုံးရှုံးစေရေး၊ ပြည်သူတို့၏ အသက်အိုးအိမ် လုံခြုံရေးအတွက် သမိုင်းစဉ်မပျက် ရပ်တည်ခဲ့သည်။

လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူတို့၏အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ်ရင်း မြန်မာနိုင်ငံနှင့် တပ်မတော်သည် ဟန်ချက်ညီညီ တာဝန်ယူနိုင်ခဲ့ပြီ။

စင်စစ်၊ ဤသည်မှာ တပ်မတော်၏ခေါင်းဆောင် (ကာကွယ်ရေး ဦးစီးချုပ်)များ၏ မှန်ကန်တိကျသော ဦးဆောင်မှုကြောင့်ဟု ဆိုရလျှင် မှားမည်မဟုတ်ပေ။

❖



www.burmeseclassic.com

www.burmeseclassic.com



# (၃) ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ

မြန်မာ့သမိုင်းတွင် တပ်မတော်သည် အမျိုးသားရေးအရ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည်ကို တွေ့ရ၏။

ထို့အတူ တပ်မတော်သည် အမျိုးသားရေးကို သစ္စာမဖောက်သည့် အဖွဲ့အစည်း ဖြစ်သလို၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးစားပေး ဆောင်ရွက်နေသည့် တစ်ခုတည်းသော လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည်။

တပ်မတော်သည် သစ္စာလေးချက် ဦးထိပ်ရွက်ထားသည့် အဖွဲ့အစည်း ဖြစ်သည်။

တပ်မတော်သားတို့၏ ခိုင်ကျည်သော သစ္စာအဓိဋ္ဌာန်(၄)ချက်နှင့် အသက်နှင့်စတေးကာ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်၏။

တပ်မတော်၏ ခိုင်ကျည်သည့် သစ္စာလေးချက်ကား...



www.burmeseclassic.com

www.burmeseclassic.com



(၁) ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ သစ္စာကို စောင့်သိ ရှိသေပါမည်။

(၂) ငါတို့သည် အထက်မှပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၃) ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့သစ္စာကို စောင့်သိရှိသေပါမည်။

(၄) ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ့ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ဟု သစ္စာလေးချက် အဓိဋ္ဌာန်နှင့် သေပါစေ၊ ရင်ကိုမြေကတုတ် လုပ်ကာ ကြိုးပမ်းစွမ်းဆောင်ခဲ့သည့် အဖွဲ့အစည်း ဖြစ်သည်။

တပ်မတော်တွင် အမိန့်နှင့်တာဝန်သည် အဓိကဖြစ်သည်။ အထက် မှ ပေးအပ်သည့် တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်နိုင်ရန် အမိန့် နှင့် ထိန်းချုပ်ထား၏။

တပ်မတော်အတွက် အမိန့်နှင့်တာဝန်သည် အရေးကြီး၏။ အမိန့် နှင့်တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်နိုင်ရန် တပ်မတော်ခေါင်းဆောင် များက သွန်သင်ခဲ့၏။

တပ်မတော်သည် လွတ်လပ်ရေးအတွက် အသက်စွန့်ရသလို ရရှိ ပြီးသော လွတ်လပ်ရေး မဆုံးရှုံးစေရန် အဓိကတာဝန်ယူရသည်မှာလည်း တပ်မတော်သာ ဖြစ်၏။

မှန်သည်။ ယနေ့တိုင်လည်း အမိနိုင်ငံ လွတ်လပ်ရေး အခွန့်ရှည် တည်တံ့စေရန်အတွက် အသက်သွေးချွေးနှင့် စတေးနေခဲ့သည်မှာလည်း တပ်မတော်ဖြစ်သလို တိုင်းပြည်အတွက် လူမျိုးအတွက် အသေခံတိုက်ပွဲ ဝင်နေသည့် တပ်မတော်သားများအား အုပ်ချုပ် ဦးဆောင်သူများကား တပ်မတော်ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်များပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ သမိုင်းစဉ်နှင့်အတူ စစ်သမိုင်းကို လေ့လာကြည့် ချင် မြန်မာ့တပ်မတော်၌ ၁၉၄၇ ခုနှစ်မှ ယနေ့အထိ တပ်မတော်ကို ဦးဆောင်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စုစုပေါင်း (၈)ဦး ရှိသည်ကို တွေ့ရ၏။

ယင်းတပ်မတော်ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်များကား...

(၁) ဗိုလ်ချုပ်စမစ်ဒွန်း

(၂) ဗိုလ်ချုပ်ကြီးနေဝင်း

(၃) ဗိုလ်ချုပ်ကြီးစန်းယု

(၄) ဗိုလ်ချုပ်ကြီးသူရတင်ဦး

(၅) ဗိုလ်ချုပ်ကြီးသူရကျော်ထင်

(၆) ဗိုလ်ချုပ်ကြီးစောမောင်
(နောင် ဗိုလ်ချုပ်မှူးကြီး)

(၇) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၈) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(လက်ရှိ ကာကွယ်ရေးဦးစီးချုပ်)

စသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။

ယင်းကာကွယ်ရေးဦးစီးချုပ်များတွင် အချို့က နိုင်ငံနှင့်လူမျိုး အတွက် စွမ်းဆောင်ကြိုးပမ်းမှု အမှတ်တရ ရှိစေပြီး အချို့က မှန်တမ်း ဆိုရမည်။ အချို့သော ဦးစီးချုပ်ကမူ အပြစ်တစ်စုံတစ်ရာကြောင့် သန်မှ အနားပေးခံရကြောင်း တွေ့ရ၏။

ထို့ကြောင့် သမိုင်းကြောင်းနှင့်အတူ လေ့လာကြည့်မည်ဆိုလျှင် ကာကွယ်ရေးဦးစီးချုပ် (၄)ဦးက နိုင်ငံအတွက်၊ လူမျိုးနှင့်တပ်မတော် အတွက် မှတ်မှတ်ရရ ဖြစ်စေသည့် ကာကွယ်ရေးဦးစီးချုပ်များဟု ဆိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရေးဦးစီးချုပ်(၂)ဦးကမူ စည်းမျဉ်းစည်းကမ်းနှင့် ဆန် ကျင်သဖြင့် အနားပေးရပြီး (၂)ဦးကမူ အပြစ်အနာအဆာမရှိ နိုင်ငံနှ လူမျိုးအတွက် တာဝန်ကျေစွာ တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သည်က တွေ့ရ၏။

တာဝန်ကျေစွာ တာဝန်ထမ်းဆောင်၊ အနားယူသွားသည့် ကာကွယ် ရေးဦးစီးချုပ်များက ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထ တို့ ဖြစ်သည်။

(ဗိုလ်ချုပ်ကြီးစန်းယုက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝ မှ အနားယူလျှင် နိုင်ငံတော်သမ္မတ တာဝန် ယူခဲ့၏။)

မြန်မာ့တပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ယူ သည့် ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဗိုလ်ချုပ်ကြီး သူရတင်ဦးတို့၏ သမိုင် ကြောင်းနှင့် ပတ်သက်၍ **"တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ် (မြဝင်း) ၁၉၄၁ မှ ၁၉၉၀ ပြည့်နှစ်"** စာအုပ်၊ စာ– ၁၀၊ ၁၅ ၌–

**"၁၉၄၈ ခုနှစ် အတွင်း တစ်နိုင်ငံလုံး၌ မငြိမ်မသက်မှုများ ဖြစ် ရာ ၁၉၄၈ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့၌ ကွန်မြူနစ်များသည် လည်းကောင်း၊ ဇူလိုင်လ၌ ရဲဘော်ဖြူများသည် လည်းကော တောခိုခဲ့သည်။**

**ကရင်ပုန်ကန်မှုလည်း မလွှဲမသွေ စတင်တော့မည့် အခြေ အနေရှိသော်လည်း ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်မှသာ မြ သိမ်းတိုက်ပွဲနှင့် တရားဝင် စတင်ခဲ့သည်။**

**သို့ကြောင့် ကွန်မြူနစ်များထက် အနည်းငယ် နောက်ကျ သည်ဟု ဆိုရမည်။**

**ကွန်မြူနစ်များ၊ ရဲဘော်ဖြူများ တောခိုစဉ်၊ ထိုစဉ်က ဦးစီးချုပ်သည် ဗိုလ်ချုပ်စမစ်ဒွန်း ဖြစ်၏။**



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရဲဘော်သုံးကျိပ်ဝင်ဖြစ်သည့် ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ် တို့က ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးရာထူး တောင်းဆိုခဲ့ဖူး၏။ သူတို့သည် ကွန်မြူနစ်ပါတီဝင်လည်း ဖြစ်၏။

သူတို့သည် တပ်မတော်တွင်းမှ ကွန်မြူနစ်ခေါင်းဆောင်များ နှင့် ပူးပေါင်းကာ အာဏာသိမ်းရန်လည်း ကြိုးပမ်းခဲ့ဖူး၏။

ထိုစဉ်က အာဏာသိမ်းရန် အစီအစဉ်အား ဒုချုပ်ဖြစ်သည့် ဗိုလ်ချုပ်နေဝင်းထံ တင်ပြရာ သဘောမတူခဲ့။ ဤသို့ပြုလုပ်လိုက် ပါက လုံခြုံရေးကောင်စီ၌ အာဏာရထားသည့် ဗိုလ်ချုပ်စမစ်ဒွန်း နှင့် ကရင်ခေါင်းဆောင်များက နိုင်ငံခြား အကူအညီယူ၍ မြန်မာ တပ်အားလုံးအား ချေမှုန်းလာပါက အထိနာမည်ကို သုံးသပ်မိ သောကြောင့်ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့၌ ဗိုလ်ရဲထွဋ်၊ ဗိုလ် ဇေယျနှင့် ဗမာ့သေနတ်ကိုင်တပ်ရင်း(၃)မှ အင်အားတစ်ဝက်မျှ တောခိုခဲ့၏။

ထို့ကြောင့် တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း သည် ဗမာ့တပ်မတော်မှ တပ်အချို့ တောခိုသည့်ကို အကြောင်း ပြ၍ ဗမာတပ်များကို နှိမ်ချခဲ့၏။

ကရင်သေနတ်ကိုင်တပ်ရင်းများအား လက်နက်ကြီးနှင့် စက် သေနတ်များအား ဖွဲ့စည်းပုံထက် ကျော်လွန်ထုတ်ပေးခဲ့၏။

ဗိုလ်ချုပ်စမစ်ဒွန်းသည် စစ်ဦးစီးချုပ်အနေနှင့် ကရင်သောင်း ကျန်းမှုအတွက် အခွင့်အရေး သာစေရန် ဖန်တီးခွင့်ကို လက်ဝယ် ရရှိထားပြီး အသုံးပြုခဲ့သည်။

၁၉၄၉–ခုနှစ် ဇန်နဝါရီလ(၂၅)ရက်နေ့မှစ၍ ကရင်လက် နက်ကိုင် အဖွဲ့များ ပုန်ကန်ထကြွခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ၁–၂–၄၉ နေ့မှစ၍ ကရင်တပ်များထံမှ လက်နက်သိမ်းပြီး ကရင်စစ်မှုထမ်းအားလုံးအားလည်း ခွင့်ရက်ရှည်ပေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်၍ ဗိုလ်ချုပ်စမစ်ဒွန်းမှာလည်း အငြိမ်းစားယူခဲ့ရသည်။ ဗိုလ်ချုပ်ကြီးနေဝင်း စစ်ဦးစီးချုပ် ဖြစ်ခဲ့သည်။

ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။

ဤကဲ့သို့ပင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရတင်ဦးနှင့် ပတ်သက်၍ **"တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ်း(မြဝင်း)"** စာအုပ်၊ စာ– ၅၁၊ ၅၂ ၌…

**"ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးသူရတင်ဦးသည် ၈–၃–၇၄ နေ့တွင် ဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရကာ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့သည်။**

**သို့ရာတွင် ဗိုလ်ချုပ်ကြီးသူရတင်ဦးသည် နိုင်ငံတော်ကောင်စီ၏ ၁၉၇၆ ခုနှစ်၊ မတ်လ(၆)ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၆/၇၆)အရ ကာကွယ်ရေးဦးစီးချုပ်အဖြစ်မှ ၆–၃–၇၆ ရက်နေ့မှစ၍ နုတ်ထွက်ခွင့်ပြုကြောင်း ကကထုးမှ ၂၀ ရာထုး (၆)၇၆ ဖြင့် အမိန့်ထုတ်ပြန်ခဲ့၏။ နုတ်ထွက်ခဲ့ရသည့်အကြောင်းများလည်း ၎င်း၏ ဇနီးဖြစ်သူ ဒေါက်တာတင်မိုးဝေ အနေနှင့် လူကြီးမိသားစု လိုက်နာရမည့် စည်းမျဉ်းများကို ထိပါးပျက်ကွက်ခဲ့ခြင်းကြောင့် ချမှတ်ထားသည့် စည်းမျဉ်းများအရ နုတ်ထွက်ခဲ့ရခြင်း ဖြစ်သည်။**

**ထို့အပြင် ဗိုလ်ချုပ်ကြီးဟောင်း တင်ဦးမှာ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ထိမ်ချန်မှု ကျူးလွန်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၁၂၄ အရ အလုပ်နှင့်ထောင်**



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်(၇)နှစ် ကျခံစေရန် ၁၁–၁–၇၇ ရက်နေ့တွင် "ဦးအုန်းမောင် တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့မှ ပြစ်ဒဏ်ကျခံစေရန် အမိန့် ချမှတ်ခဲ့ပြီး၊ ၎င်း၏အယူခံတင်သွင်းမှုကိုလည်း ဦးစိုးလှိုင် ပြည်သူ့ တရားသူကြီးအဖွဲ့(အဖွဲ့ဝင်)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဗဟို တရားစီရင်ရေးအဖွဲ့မှ ချမှတ်ခဲ့သည့် အမိန့်နှင့် ပြစ်ဒဏ်ကို အတည်ပြုခဲ့သည်။

ဟု ဖော်ပြ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၄) နိုင်ငံနှင့်လူမျိုးအရေး အဓိကထားခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ

တပ်မတော်သမိုင်းတွင် နိုင်ငံနှင့်လူမျိုး၏ ဒုက္ခ သုက္ခတို့အား အသက်နဲ့လဲ၍ တပ်မတော်မှ ဖြေရှင်းပေးခဲ့သည်။

ယင်းသို့ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေး၊ တာဝန်ယူ၊ တာဝန်ထမ်းဆောင်ခဲ့သည်။ တပ်မတော်အား ဦးဆောင်ခဲ့သည့် တပ်မတော်ခေါင်းဆောင်၊ စစ်ဦးစီးချုပ်(ကာကွယ်ရေးဦးစီးချုပ်) (၄)ဦးသည် သမိုင်းတွင် မှတ်မှတ်ထင်ထင် ရှိခဲ့သည်။

ယင်းတပ်မတော်ခေါင်းဆောင်များက...

(၁) ဗိုလ်ချုပ်ကြီးနေဝင်း

(၂) ဗိုလ်ချုပ်မှူးကြီးစောမောင်

(၃) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၄) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(လက်ရှိ ကာကွယ်ရေးဦးစီးချုပ်)

စသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# (၁) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# ဗိုလ်ချုပ်ကြီးနေဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးနေဝင်းသည် ရဲဘော်သုံးကျိပ်ဝင် ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း ရှိစဉ်က ဒုတိယခေါင်းဆောင်အဖြစ် ထင်ရှားခဲ့သည်။

ဖက်ဆစ်ဆန့်ကျင်ရေးကာလက ပြည်တွင်းသူပုန်ထရေးအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ရာထူးအဆင့်ဆင့်ဖြင့် တပ်မတော်ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့၏။

ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် ပျဉ်းမနားမြို့၊ အမှတ်(၄)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ တင်ရင်းမှူးတာဝန် ယူခဲ့သည်။

စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း လက်အောက်၌ ဗိုလ်မှူးချုပ်နေဝင်း အဖြစ်နှင့် မြောက်ပိုင်းတိုင်း၊ တိုင်းမှူးတာဝန် ယူခဲ့သည်။ ၁၉၄၇ မှ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်ထိ ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်စမစ်ဒွန်း တာဝန်ယူစဉ် ဗိုလ်မှူးချုပ်စောကြာဒိုး(ဒုတိယစစ်ဦးစီးချုပ်)ဖြစ်တော့ ဗိုလ်မှူးချုပ်နေဝင်းသည် မြောက်ပိုင်းတိုင်း၊ တိုင်းမှူးတာဝန် ယူခဲ့သည်။

၁၉၄၈ ခုနှစ်၊ ၈ လပိုင်းတွင် ဗိုလ်မှူးချုပ်နေဝင်းသည် ဒုတိယစစ်ဦးစီးချုပ် ဖြစ်ခဲ့၏။

၁–၂–၄၉ ခုနှစ် ကရင်သောင်းကျန်းမှု ဖြိုခွင်းရေး ကာလ၌ ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့၏။

၁၉၅၅ ခုနှစ်၊ အောက်တိုဘာ(၁)ရက်နေ့မှစ၍ တပ်မတော်၏ စစ်ဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ် အဖြစ် ဖွဲ့စည်းပုံ ပြင်ဆင်သတ်မှတ်ခဲ့၏။

၁၉၅၆ ခုနှစ်မှစ၍ ဗိုလ်ချုပ်ကြီးနေဝင်းသည် ကြည်း၊ ရေ၊ လေ တပ်မတော်အား ကွပ်ကဲသည့် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ပထမဦးဆုံး ကြည်း၊ ရေ၊ လေ တပ်မတော်သားများ အားလုံးကို ကွပ်ကဲခွင့် ရခဲ့သည့် ကာကွယ်ရေးဦးစီးချုပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၉ ခု၊ ပြည်တွင်းစစ်ကာလ ကွပ်ကဲနေသည့်
ဗိုလ်ချုပ်ကြီးနေဝင်း

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေး ရပြီးနောက် မြန်မာနိုင်ငံအား ပါတီစုံဒီမိုကရေစီ စနစ်နှင့် အုပ်ချုပ်ခဲ့၏။

၁၉၅၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ လုံခြုံရေး ယိုယွင်းမှုများ ရှိခဲ့သလို၊ အခြေအနေ အရပ်ရပ် မတည်ငြိမ်မှုများ ရှိခဲ့ပြီး ယိုယွင်းမှုများ များလာခဲ့၏။

ထိုအခါ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူနေသည့် ဝန်ကြီးချုပ် သခင်နုက ဗိုလ်ချုပ်ကြီးနေဝင်းအား မေတ္တာရပ်ခံခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် အိမ်စောင့်အစိုးရ ဖွဲ့စည်းနိုင်ရန် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာ(၂၈) ရက်နေ့တွင် လွှတ်တော်အစည်းအဝေး ကျင်းပစေပြီး ယင်းအစည်းအဝေး၌ ဝန်ကြီးချုပ် ဦးနုမှ ဗိုလ်ချုပ်ကြီးနေဝင်းအား "ဝန်ကြီးချုပ်"ရာထူး အပ်နှင်းရန် အဆိုတင်သွင်းခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ကလည်း သဘောတူခဲ့သဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ကာ နိုင်ငံရေးနှင့် ပတ်သက်သူများ မပါဝင်စေဘဲ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ(၄)ရက်နေ့ လွှတ်တော်အစည်းအဝေး ကျင်းပချိန်အထိ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ထိုလွှတ်တော်အသစ် ဖွဲ့စည်းနိုင်ရန် ၁၉၆၀ ပြည့်၊ ဖေဖော်ဝါရီလတွင် လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲများ ကျင်းပပေးခဲ့သည်။

ထိုရွေးကောက်ပွဲများအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန်အတွက် တပ်မတော်မှ တပ်မှူးကြီးများအစ တပ်မတော်သားများ ဘက်လိုက်ခြင်း မပြုရန် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။

ဤအမိန့်ညွှန်ကြားချက်များအား မလိုက်နာသည့် တပ်မှူးကြီး အချို့အားလည်း ထိုက်သင့်သလို အရေးယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွေးကောက်ပွဲ၌ "တည်မြဲ"၊ "သန့်ရှင်း"မည်သည့် ပါတီကြီး နှစ်ခု ယှဉ်ပြိုင်ခဲ့ရာ "သန့်ရှင်း"နိုင်ခဲ့၏။ ပြည်ထောင်စုအစိုးရဖွဲ့စည်းပြီး ၃ လနှင့် ၁၈ ရက် အကြာ၊ ကချင်နှင့် ရှမ်းတို့မှ ခွဲထွက်ခွင့် အပါအဝင် ပြည်တွင်းမငြိမ်သက်မှု အရှိန်အဟုန် မြင့်မားခဲ့သဖြင့် ၁၉၆၂ မတ်လ၌ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်မှ "တော်လှန်ရေးကောင်စီ"ဖွဲ့၍ ဆောင်ရွက်ရာ၌ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးဆောင်သူ ဖြစ်၏။

တော်လှန်ရေးကောင်စီအစိုးရသည် တပ်မတော်ခေါင်းဆောင်များ ချုပ်ကိုင်ပြီး ဖွဲ့စည်းသည့် အစိုးရဖြစ်၏။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ပါတီစုံစနစ်၏ ခါးသီးမှု၊ ပြည်တွင်း ဆောင်းကျန်းမှု၏ ပြယုဂ်ဆိုးကို သိသဖြင့် ၁၉၆၃ ခုနှစ်၌ ပြည်တွင်း ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်နှင့်အတူ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ မအောင်မြင်ခဲ့။

ထို့အတူ "နု-အက်တလီစာချုပ်"ပါ အချက်တစ်ချက်ဖြစ်သည့် "ဗြိတိသျှအရင်းရှင် ဓနရှင်တို့၏ အကျိုးစီးပွားအား ပြည်ထောင်စု မြန်မာ နိုင်ငံမှ ကာကွယ်ရောင့်ရှောက်ပေးရန် ဟူသော အချက်ကို ချေဖျက်ရန် ပြည်သူပိုင်သိမ်းရန် စီစဉ်ခဲ့သည်။


ရုရှားပညာရှင်များ အကြံပေးချက်အတိုင်း လုပ်ဆောင်ရန် လမ်း ညွှန်ခဲ့သော်လည်း ပြည်သူပိုင်သိမ်းရာတွင် အဓိက ဦးဆောင်သူဖြစ်ခဲ့ သည့် ဦးဘညိမ် (ဆိုရှယ်နီပါတီ ဥက္ကဋ္ဌ)မှ မှန်မှန်ကန်ကန် မလုပ်သဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း အပြစ်ပြော ခံခဲ့ရသည်။

ရေနံမြေ၊ ဘုံဘေဘားမား သစ်ကုမ္ပဏီ၊ ရိုးကုမ္ပဏီမှ ချုပ်ကိုင် ထားသည့် အသေးစားလုပ်ငန်းများ ပြည်သူပိုင်အသိမ်းခံရသဖြင့် ဗြိတိသျှ အကျိုးစီးပွား ဖျက်ဆီးသူအဖြစ် အမုန်းခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ်၊ အာဇာနည်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး
ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တော်လှန်ရေးကောင်စီဝင်များ
လွမ်းသူ့ပန်းခွေ ချနေပုံ



၁၉၆၂ ခု မတ်လ(၄)ရက်နေ့က နိုင်ငံတော်၏ အနာဂတ်ရေးအတွက်
တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်းနှင့်အစဉ်အလာရှိ
နိုင်ငံရေးခေါင်းဆောင်ကြီးများ ဆွေးနွေးပွဲ။
ဝဲမှယာ (၁) ဗိုလ်မိုးကွန်း၊ (၂) ဝိဒူရသခင်ချစ်မောင်၊ (၃) ဦးနေဝင်း၊ (၄)
ဦးဗဆွေ၊ (၇) ဦးကျော်ငြိမ်း။

www.burmeseclassic.com

www.burmeseclassic.com





၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင်
တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်
တက်ရောက်ဆွေးနွေးနေပုံ။
ဦးနေဝင်းနှင့်အတူ ဗိုလ်မှူးချုပ်စန်းယု၊ ဦးကျော်စိုးတို့ ပါဝင်သည်။




၁၉၆၃ ခုနှစ်၊ ဇွန်လ(၁၁)ရက်က တော်လှန်ရေးကောင်စီ၏ ပြည်တွင်း
ငြိမ်းချမ်းရေး ဆွေးနွေးရန် ကမ်းလှမ်းချက်အရ တောတွင်းလက်နက်ကိုင်
အဖွဲ့အစည်း(၈)ဖွဲ့ တက်ရောက်ခဲ့သည်။
ဆင်းအဖွဲ့မှ မုဆိုးကော်ကဆာ (စောဟန်တာသာမွေး) ခေါင်းဆောင်သော
ကရင်တော်လှန်ရေးကောင်စီ K.R.C တစ်ဖွဲ့နှင့်သာ ငြိမ်းချမ်းရေး
ယူနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ (၁၉၆၉ ခုနှစ်၊ ဇွန်လ)



၁၉၆၃ ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွင် ဗိုလ်မှူးကြီးသောင်းကြည် ဦးစီးသော နိုင်ငံတော် တော်လှန်ရေးကောင်စီဝင်များနှင့် စောဟန်တာသာအေး ခေါင်းဆောင်သော ကရင်တော်လှန်ရေး ကောင်စီဝင်များ ဆွေးနွေးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com





၁၉၆၈ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး
ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံရေးခေါင်းဆောင်(၃၃)ဦးနှင့် တွေ့ဆုံဆွေးနွေးစဉ်



ပြည်သူ့စစ်မဟာဗျူဟာ အခင်းအကျင်းအတွက် တပ်မတော်မှ နည်းပြများက
ကျေးလက်တောင်သူလယ်သမားထုအား စစ်ပညာ သင်ကြားပေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com





ရဲဘော်ဗြွေး ဦးဆောင်သော ဗကပ ပဏာမငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့က ရန်ကုန်မြို့သို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com





၁၉၆၃ ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွင်
ဗိုလ်မှူးကြီးသောင်းကြည် ဦးစီးသော နိုင်ငံတော်ကောင်စီဝင်များနှင့်
စောဟန်တာသာမွေး ခေါင်းဆောင်သော ကရင်တော်လှန်ရေး
ကောင်စီဝင်များ ဆွေးနွေးနေစဉ်



အလံနီကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်စိုး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား
(၁၉–၁–၁၉၇၃)ရက်နေ့ ယုံကြည်မှု အပြည့်ရှိကြောင်း
ကြေငြာချက် ထုတ်ပြန်စဉ်။
(ရပ်လျက်) သခင်စိုး၊ ဒုတိယဗိုလ်မှူးကြီးတင်ဦး(မျက်နှာကြီး)၊
ဒုတိယဗိုလ်မှူးကြီးလေးမောင်နှင့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုးကျွန်းကို စစ်စခန်း ငှားရမ်းရန် အမေရိကန်၏ ကမ်းလှမ်းချက်ကို ပယ်ချသဖြင့် ဒုတိယအကြိမ် အငြိုး အမုန်း ခံရ၏။ အနောက်အုပ်စု၏ ရန်ငြိုးထားခြင်း ခံခဲ့ရ၏။ အပြစ်ရှာခြင်း ခံခဲ့ရ၏။

သို့သော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံနှင့်လူမျိုး တပ်မတော်ကိုချစ်သူ အကျိုးပြုသူ ဖြစ်၏။

ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သူဖြစ်၏။ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံမှ တပ်မတော်ဖခင်အဖြစ် ခံယူရန် ပန်ကြားမှုကို ငြင်းပယ်ခဲ့သူ။

စွမ်းရည်သုံးရပ် ပြည့်မီသော တပ်မတော်ဖြစ်ရန် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်၏။

သူက အာဏာရှင်မဟုတ်၊ အမျိုးသားရေးအမြင်ရှိသူ၊ အမျိုးသားရေးကိုကြည့်သူ ဖြစ်သည်ကို သမိုင်းကို မှန်ကန်စွာ လေ့လာသုံးသပ်သူတိုင်း သိမည်ဖြစ်သည်။

မည်သို့ဆိုစေ ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်သမိုင်း၌ ပထမဆုံး နိုင်ငံကာကွယ်သူအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ။


✤



www.burmeseclassic.com

www.burmeseclassic.com

## (၂) ကာကွယ်ရေးဦးစီးချုပ်
## ဗိုလ်ချုပ်မှူးကြီးစောမောင်



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသူ ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ကျောင်းသားဘဝမှ မျိုးချစ်စိတ်ဖြင့် တပ်မတော်ထဲသို့ ဝင်ခဲ့သူဖြစ်၏။

ထိုအချိန်က ပြည်တွင်းသောင်းကျန်းမှု အရှိန်အဟုန် မြင့်နေချိန်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် သာမန်တပ်သားလေး အဆင့်မှ ဗိုလ်ချုပ်မှူးကြီး အဆင့်အထိ အဆင့်ဆင့် ဖြတ်သန်း တက်လှမ်းခဲ့သူဖြစ်၏။

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် သူ၏စစ်မှုထမ်းသက် တလျှောက်အဆင့်ဆင့်သော တပ်မှူးတာဝန်များသာမက နိုင်ငံတော်အတွင်း အရေးပေါ်ကာလများ၌လည်း အထူးတာဝန်များကို ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

၁၉၅၈ ခုနှစ်၌ ပေါ်ပေါက်ခဲ့သည့် အိမ်စောင့်အစိုးရလက်ထက်၌ စီမံခန့်ခွဲရေးတာဝန်များအပြင် တော်လှန်ရေးကောင်စီခေတ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများတွင်လည်း အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် နိုင်ငံရေးအသိအမြင် ရင့်ကျက်ကြီးမားသူ ဖြစ်ရုံမက၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာ နိုင်ငံခေတ်တွင် နိုင်ငံရေးအရ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ စီမံခန့်ခွဲရေးအပိုင်းတွင်လည်း အစိုးရအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးနှင့် စစ်ရေးအပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးပြီး ခေတ်အဆက်ဆက် စနစ်အမျိုးမျိုးနှင့် ထိတွေ့ရင့်ကျက်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီးစောမောင်သည် အတွေ့အကြုံများနှင့် သမိုင်းကြောင်းရေးရာ ဝါသနာသန်မှုများကြောင့် တွေးခေါ်မြော်မြင်မှုတွင် အလယ်အလတ် သမာသမတ်ကျသူ ဖြစ်သည်။

ငယ်ရွယ်စဉ်ကတည်းက ဗုဒ္ဓဘာသာတရားတော်ကို နှလုံးသွင်းအားထုတ်ခဲ့သူ ဖြစ်သဖြင့်လည်း ကြည်လင်ပြတ်သားသော ဘဝအမြင်ရှိသူဖြစ်သည်။

သူသည် တပ်မတော်သားဘဝဖြင့် နှစ်ရှည်လများ တိုင်းနိုင်ငံအကျိုး သယ်ပိုးခဲ့သူ။

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် မျိုးချစ်စိတ်ဓာတ် ခိုင်မာရင့်သန်သူ ဖြစ်၏။

သူသည် နေရာစုံ၊ လူမျိုးစုံ သောင်းကျန်းသူများနှင့် ရင်ဆိုင်တိုက်ခိုက်ဖူးခဲ့သူ၊ အေးချမ်းစွာ နေထိုင်စားသောက်သူများအား ခွေမျိုးဟုဆိုပြီး အကြမ်းဖက်သောင်းကျန်းသူတို့အား ရန်သူဟု ဆိုခဲ့သူ။

အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှု တရားခံများ ဖမ်းဆီးရာ၌လည်း ကိုယ်တိုင်စွမ်းဆောင် ပါဝင်ခဲ့သူ။

သူကား စစ်ရေးအတွေ့အကြုံ၊ နိုင်ငံရေးအတွေ့အကြုံ ရင့်သန်သူဖြစ်သဖြင့် အခက်ခဲဆုံးသော နိုင်ငံတော် အခြေအနေ အရပ်ရပ်အား အဖြည်းဖြည်းချင်း ကောင်းလာရန် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များတွင် နိုင်ငံတော်ကား ကယ်တင်နိုင်သည့် ဒုတိယမြောက် ကာကွယ်ရေးဦးစီးချုပ်အဖြစ် တပ်မတော်သမိုင်းတွင် ကမ္ပည်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

✤



www.burmeseclassic.com

www.burmeseclassic.com



ဆိုရလျှင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် လက်ထက်တွင်ပေါ်ပေါက်ခဲ့သည့် ၁၉၈၈ ခုနှစ် ဖြစ်ခဲ့သည့် (၈၈)အရေးအခင်း ရှစ်လေးလုံးအရေးအခင်းသည် ဒီမိုကရေစီအရေးအခင်းဟု ဆိုကြသော်လည်း ထိုအရေးအခင်းကာလတွင် ပေါ်ပေါက်ခဲ့သည့် ကြွေးကြော်သံ...

ဒီမိုကရေစီ ချက်ချင်းပေး...

ဒီမိုကရေစီ ရချင်ရ၊ မရရင်ချ...

ဆိုသည့် ကြွေးကြော်သံနှင့်အတူ လူသတ်၊ ခေါင်းဖြတ်၊ ဂိုဒေါင်ဖောက်၊ ပြည်သူပိုင်ပစ္စည်း ခိုးယူမှု လွှမ်းမိုးခဲ့သည်။

စင်စစ်မူ "၈၈"အရေးအခင်းသည် ပြည်တွင်းပြည်ပနှင့် ဝဲယာအဖျက်သမားတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် တစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက်ခဲ့၏။

နိုင်ငံတစ်နိုင်ငံလုံး ပျက်စီးဆုံးရှုံးမှုနှင့် နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးချွတ်ခြုံကျခဲ့၏။

အဆိုးဆုံးက ပြည်ထောင်စု ပြိုကွဲရမည့် အခြေအနေမျိုး ဖြစ်သည်။

သည်အခါ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ဆုံးရှုံးရမည့်အရေး၊ ပြည်ထောင်စု ပြိုကွဲရမည့်အရေးနှင့် ကြုံလာသဖြင့် လက်ပိုက်ကြည့်မနေနိုင်တော့။

ဆုံးရှုံးခဲ့ရသည့်လွှတ်လပ်ရေး ပြန်လည်ရယူနိုင်ရန် တပ်မတော်သည် ဦးဆောင်တိုက်ပွဲဝင်ခဲ့၏။ ယခုလည်း တိုင်းပြည် ချောက်ကမ်းပါးတွင်းသို့ကျမည့် ဘေးအန္တရာယ် ကြုံလာသဖြင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး လူမှုရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု အခြေအနေ အရပ်ရပ်အား ထိန်းသိမ်းရယူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် တည်ငြိမ်ရေး၊ လွတ်လပ်၍ မျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး၊ ဦးတည်ချက်အား ပွဲကိုင်ဖော်ဆောင်သည့် တပ်မတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့"ဟူသည့် အမည်ကိုခံယူပြီး နိုင်ငံတော်ငြိမ်းချမ်း တည်ငြိမ်ရေး အပါအဝင် နိုင်ငံတော်တိုးတက်စည်ပင်ရေး၊ လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တပ်မတော်ခေါင်းဆောင် များနှင့် ၁၈–၉–၈၈ ရက်နေ့မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့အမိန့်၊ အမိန့်အမှတ် ၁/၈၈ ဖြင့် ဖွဲ့စည်းခဲ့သည်။

ထို့နောက် တပ်မတော်သည် အမျိုးသားရေးအမြင် ကြည်လင်မှု အတိကဝတ် တည်ကြည်မှုဖြင့် ဒီမိုကရေစီအရေခြုံ ကိုယ်ကျိုးရှာသမား တို့၏ ကိုယ်ကျိုးရှာ ရယူမှုကြောင့် နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ကြောင့် ပြာပုံကဲ့သို့ ဖြစ်နေသည့် နိုင်ငံအား ပြန်လည်တည်ဆောက်ခဲ့ သည်။

တရားဥပဒေစိုးမိုးရေးအတွက် အရေးအခင်း ကာလတွင် လူသတ် ခေါင်းဖြတ်၍ မင်းမဲ့စရိုက် ပြုခဲ့သူများကို ဥပဒေအရ အရေးယူခဲ့သည့် အပြင် နိုင်ငံတော် တည်ငြိမ်မှုရရန် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့လေ သည်။

နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကို လုပ်ခဲ့သည်။

ထို့အတူ တပ်မတော် တိုးတက်ရန် တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မ တော်၏ ဖွဲ့စည်းမှုတာဝန်ဝတ္တရားများ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ အား ပြုလုပ်ခဲ့ရာတွင် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် (၁၈–၃–၉၀) ရက်နေ့မှ အစပြု၍ ဗိုလ်ချုပ်မှူးကြီး အဆင့်ဖြင့် တပ်မတော်ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးဦးစီးချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်မှာ ကျန်းမာရေးအတွက် တပ်မတော်မှ အနားယူချိန်အထိ ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များတွင် နိုင်ငံတော်ကား ကယ်ဆယ်တင်ခဲ့ရသည့် ဒုတိယမြောက် ကာကွယ်ရေးဦးစီးချုပ်အဖြစ် တပ်မတော် သမိုင်း၌ မော်ကွန်းတင်ခဲ့ခြင်းသည် မှန်သည်ဟု ဆိုရမည် ဖြစ်သတည်း။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၃) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီးစောမောင် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာ တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးတာဝန် ထမ်းဆော နေသည့် ဗိုလ်မှူးချုပ်သန်းရွှေသည် ဒုတိယဗိုလ်ချုပ်ကြီး ရာထူး ဒုတိယကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့၏။ အလားတူ နိုင်ငံတော်ငြ ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့၏။

ဗိုလ်ချုပ်ကြီးသန်းရွှေသည် ၁၉၃၃ ခုနှစ်၌ ကျောက်ဆည်မြို့ မွေးဖွားခဲ့ပြီး ၁၉၅၁ ခုနှစ်၌ ကျောက်ဆည်မြို့ရှိ အစိုးရအထက်တ ကျောင်းမှ အင်္ဂလိပ်–မြန်မာ ဆယ်တန်းအောင်မြင်ခဲ့သည်။

မိတ္ထီလာမြို့ စာတိုက်၌ စာတိုက်စာရေး လုပ်ခဲ့သည်။

ထိုမှ ၁၉၅၂ ခု ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)သို့ တ ရောက်ခွင့် ရခဲ့သည်။

၁၉၅၃ ခုနှစ်မှစ၍ အမှတ်(၁)ခြေလျင်တပ်ရင်း၌ ဒုတိယဗို အဆင့်ဖြင့် တပ်စုမှူးတာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၅၅ တွင် စစ်ဘက်မူလ ဗိုလ်အဆင့်၊ ၁၉၅၇ တွင် ခေ ဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရ၏။ ယင်းသို့ တပ်စုမှူး၊ တပ်ခွဲ တာဝန် ထမ်းဆောင်ခဲ့ပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင် သံလွင်အရှေ့ဘက်ခြမ်း၌ ပြုလုပ်သည့် စစ်ဆင်ရေးများ၌ ပါဝင်ခဲ့သည်

၁၉၅၈–ခုနှစ်၌ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့်စိတ်ဓာ ရေးရာ ညွှန်ကြားရေးမှူးရုံးတွဲဖက်၊ ၁၉၆၀ ပြည့်နှစ်၌ မြောက်ပိုင်းတိုင် စစ်ဌာနချုပ်၊ အမှတ်(၁)နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေး ဌာနချုပ် တပ်ခွဲမှူး၊ ၁၉၆၁ ခုနှစ်၌ တပ်မဟာ(၃) စိတ်ဓာတ်ရေးရာ အရာ ၁၉၆၃ ခုနှစ်၌ ဗဟိုနိုင်ငံရေးတက္ကသိုလ်၌ ဌာနမှူး၊ ၁၉၆၇ ခုနှစ် အ (၁၀၀)ခြေမြန်တပ်ရင်း၊ ယာယီဌာနချုပ် တပ်ခွဲမှူးတာဝန် ထမ်းဆော ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ ခုနှစ်၌ ဒုတိယဗိုလ်မှူးအဆင့်နှင့် ကရင်ပြည်နယ်၊ မြစ်ဝ ကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွင် အမှတ်(၇၇)ခြေမြန်တပ်မမှ ဦးစီး ပြုလုပ်သည့် စစ်ဆင်ရေးဌာနစု၌ စစ်ဦးစီးမှူး(ဒုတိယတန်း)အဖြစ် ပြောင်း ရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၃ ခုနှစ်၌ အမှတ်(၁)ခြေလျင်တပ်ရင်း၊ ယာယီတပ်ရင်းမှူး၊ ၁၉၇၂ ခုနှစ်၌ ဒုတိယဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။

ယင်းနောက် အမှတ်(၁)ခြေလျင်တပ်ရင်း တပ်ရင်းမှူး အဖြစ် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ ဦးစီးသည့် စစ်ဆင်ရေးများ၌ ပါဝင် ခဲ့သည်။

၁၉၇၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာနစု သို့ စစ်ဦးစီးမှူး(ပထမတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ပေးခြင်း ခံရသည်။

၁၉၇၇ ခုနှစ်မှစ၍ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူး၊ ခြေမြန်တပ်မဌာနချုပ်မှ ဦးစီးဆင်နွှဲခဲ့သည့် ရဲရန်အောင်၊ လေးမာန်အောင်၊ နေမင်းရောင်နှင့် မင်းရန်အောင် စစ်ဆင်ရေးများ၌ ပါဝင်ခဲ့သည်။

၁၉၈၁ ပါတီညီလာခံ စတုတ္ထအကြိမ် ဗဟိုကော်မတီအဖြစ် ရွေး ချယ်ခံရသည်။ ၁၉၈၃ ခုနှစ်၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး အဖြစ် ရွေးချယ်ခံရသည်။

၁၉၈၃ ခုနှစ်၌ ဧရာဝတီတိုင်းဒေပါတီကော်မတီ ဥက္ကဋ္ဌတာဝန် ယူးတွဲယူရသည်။

၁၉၈၄ ခုနှစ် ဗိုလ်မှူးချုပ်အဆင့် တိုးမြှင့်ခံရပြီး၊ ၁၉၈၅ ခုနှစ်၌ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၈၆ ခုနှစ်၌ ဗိုလ်ချုပ်အဖြစ် လည်းကောင်း၊ ၁၉၈၇ ခုနှစ်၌ ဒုတိယ ဗိုလ်ချုပ်ကြီးအဆင့်၊ ၁၉၈၈ ခုနှစ်၌ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ၁၉၈၈ ခုနှစ်၌ ကျင်းပသည့် ပါတီဗဟိုကော်မတီ ဒုသမ အကြိမ် အစည်းအဝေးမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေး ချယ်ခံရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော် တာဝန် အရပ်ရပ်ကို လွှဲပြောင်းရယူရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ၁၉၉၀ ပြည့်နှစ်၌ ဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ခံရပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဗိုလ်ချုပ်ကြီးဘဝနဲ့ ဒုတိယကာကွယ် ရေးဦးစီးချုပ် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် ကျန်းမာရေး ကြောင့် အနားယူတော့ ဗိုလ်ချုပ်ကြီးသန်းရွှေအား ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူပြီးသည့်နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမနာပ အာဏာရှင်ဟု ဆိုကြသော် လည်း တပ်မတော်သားပီပီ နိုင်ငံတော်၊ နိုင်ငံသား၊ တပ်မတော်အတွက် ရည်မှန်းချက်ကြီးသူဖြစ်ကြောင်း တွေ့ရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု ရှိခဲ့လျှင် ဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒပြင်းထန်ခဲ့ပုံရသည်။ "နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့"အား "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ"ဟု အမည်ပြောင်းခဲ့သည်။

ရည်ရွယ်ချက်မှာ "ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကြီး တည်ဆောက်ရန်"ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌတာဝန် ယူရသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ဖွံ့ဖြိုးရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရန်လိုသည်။ သည်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရှိရန် လိုအပ်သည်။ ယင်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အတူ လွတ်လပ်၍မျှတသည့် ရွေးကောက်ပွဲ ကျင်းပရန် စီစဉ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အသိပညာနှင့် အတတ်ပညာရှင်များနှင့် အစုအဖွဲ့ပေါင်းစုံနှင့် အမျိုးသားညီလာခံ ခေါ်ယူကာ အများဆန္ဒအရ ပေါင်းစည်း ရေးဆွဲခဲ့သည်။ (ထိုစဉ်က NLD ပါတီသည် အစတွင်ပါဝင်ပြီး နောက်ပိုင်း သပိတ်မှောက်သည်ဆိုကာ ညီလာခံမှ ထွက်သွားခဲ့သည်)။

ထို့နောက် ၂၀၁၀ ပြည့်နှစ်၌ လွတ်လပ်၍ မျှတသည့်ရွေးကောက်ပွဲ ကျင်းပပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အနိုင်ရသဖြင့် နိုင်ငံတော်အာဏာကို အပ်နှင်းခဲ့သည်။

တပ်မတော်ကို အစဉ်အဆိုးမြင်သော အုပ်စုများက ဦးသိန်းစိန် အစိုးရအဖွဲ့အား အရပ်သားအယောင်ဆောင် ဘောင်းဘီဝတ်များဟု ပြောကြသည်။

မည်သို့ဆိုစေ ဦးသိန်းစိန် အစိုးရသည် လည်းကောင်း၊ အင်န်အယ်လ်ဒီပါတီ အစိုးရသည် လည်းကောင်း၊ ရွေးကောက်ပွဲစင်မြင့်သို့ တက်နိုင်ပြီး ယနေ့အစိုးရဖွဲ့နိုင်သည်မှာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် လူထုလူတန်းစား အစုအဖွဲ့ဖြင့် ပေါင်းစည်းရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ဖြစ်သည်ကို သတိပြုမိရနိုင်ပါ။

ဤသို့ဖြစ်လာစေရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန် ပံ့ပိုးကူညီ ကြိုးစားခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တပ်မတော်ကျေးဇူးကို မမေ့သင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော် ခေါင်းဆောင်များနှင့် တပ်မတော်သည် အမျိုးသားရေးကို သစ္စာမဖောက်ခဲ့ပါ။ အာဏာရှင်ဆန်စွာ လုပ်ချင်သလို မလုပ်သည်ကို မှန်ကန်စွာ စဉ်းစားသူတိုင်း သိမည်ဖြစ်သည်။

မှန်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှန်ကန်ခိုင်မာသည့် အခြေခံဥပဒေအား အသိပညာရှင် အတတ်ပညာရှင်များ လူထုလူတန်းစား အလွှာစုံနှင့် ညှိနှိုင်း၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပေးခဲ့သလိုမည်သည့်အကူအညီမှ မပါဘဲ နေပြည်တော်လို မြို့ကြီးတစ်မြို့ကို ထူထောင်တည်ဆောက်ခဲ့သည်မှာ ချီးကျူးဖွယ်ပင်။

ထိုအခြေခံဥပဒေကြောင့် အရပ်သားအစိုးရ ဖြစ်တည်ခဲ့သလိုနိုင်ငံတော်အတွက် အရေးပါသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး ကိစ္စများစီစဉ်နိုင်ရန် လွှတ်တော် ရုံးတော်များ ရှိခဲ့သည်မှာ တပ်မတော်အစိုးရကြောင့် ဆိုသည်ကို မည်သူငြင်းမည်နည်း။

မင်္ဂလာတရားနှင့်ကြည့်လျှင် ကျေးဇူးပြုထိုက်သူကို ကျေးဇူးပြုခြင်းသည် မင်္ဂလာမည်သည် မဟုတ်လား။

✤



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(နှစ်)

## မြန်မာနိုင်ငံကို အလှဆုံးအရောင်ခြယ်မည့်သူ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၅) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
သို့မဟုတ်
ချိုသောအပြုံးရှင်



www.burmeseclassic.com

www.burmeseclassic.com



သူက မြန်မာတပ်မတော်နှင့် လူထုကြား ပုံသဏ္ဍာန် အမျိုးမျိုးနှင့် သွေးခွဲနေသည့် သူများကြောင့် ကာလအတန်ကြာ ဆက်ဆံရေး အေးတိ အေးစက် နိုင်သည်။ ဆက်ဆံရေးအား လှုပ်နှိုးလိုက်သူဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပတ်သက်၍ မြန်မာရေးကျွမ်း ကျင်သူဟု ဒီမိုကရေစီဝါဒီများ သတ်မှတ်ထားသည့် ဘီဘီစီ အယ်ဒီတာ "ကောင်းလယ်ရီဂျေဂင်" က...

"အာဏာနည်ကုန်းသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ် တိုင် တက်ရောက်ဂါရဝပြုသည့်ကိစ္စ၊ တက္ကသိုလ်ရိပ်သာလမ်းရှိ မြန်မာနိုင်ငံမှ ဒီမိုကရေစီဝါဒများက ဒီမိုကရေစီမြို့တော်ဟု သတ် မှတ်ထားသည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင် ပြုလုပ် သည့် ဆွမ်းကပ်အလှူ၌ ဒီမိုကရေစီဝါဒီများနှင့်အတူ ယှဉ်တွဲတွေ့ ရသည် ဖြစ်ရပ်များသည် မြန်မာပြည် အပြောင်းအလဲအတွက် မျှော်လင့်ချက် အားကောင်းစေသူ"

ဟု ရှုမြင်ရေးသားခဲ့၏။

မြန်မာနိုင်ငံဒီမိုကရေစီဝါဒီများကလည်း လက်ခုပ်တီးကြ၏။ ဒါထ ကျေနပ်ဖွယ်ရာ နိမိတ်ပမှုဟု ဆိုကြသည်။

သို့သော် အချို့က ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်သမ္မတ ကဲ့သို့ နိုင်ငံ့အကြီးအကဲကိုပင် ပခုံးချင်းယှဉ်သူဟု ပြောသည်။

စင်စစ်မူ နိုင်ငံရေးတွင် အုပ်ချုပ်ရေးအရ သမ္မတက အဓိကကျ သလို နိုင်ငံတော်နှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ် ကာကွယ် ရေးတွင်မူ ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်သည် အရေးကြီး၏။

တပ်မတော်နှင့် ကာကွယ်ရေးဦးစီးချုပ်သည် ရခိုင်အရေးနှင့် ရင်ဆိုင် သည့်အချိန် အတောသတ်မည် မသိသော အရှေ့မြောက်တောင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ဘကြောမှ လက်နက်ကိုင်သောင်းကျန်းသူတို့ အရေးကမူ ဥပေက္ခာပြု၍ ရေ။ သူကလည်း အဓိကကျသည်။

ထို့ကြောင့် သူ့အား နိုင်ငံတကာမှ အလေးထား စောင့်ကြည့်ကြ၏။ စောင့်ကြည့်ခြင်း ခံရ၏။

ဒါကပင် မြန်မာနိုင်ငံရေးဇာတ်ခုံနှင့် အထင်ကရ ဖြစ်စေခဲ့သည်ဟု ဆိုရမည်။

အချို့သော သူတို့က (မြန်မာနိုင်ငံရှိ တိုင်းတစ်ပါး အထင်ကြီး အားကိုး မျှော်လင့်သူများက) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒုစဝပြည့် အစောပိုင်းက ခြေမြန်တပ်မ(၈၈)၏ တပ်မမှူး ဖြစ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လက်ရင်းတပည့် ဖြစ်သည်ဟု အမနာပပြော ကြ၏။

တပ်မတော်တွင် ရှိသေလေးစားမှု အခြေခံသည်ကို မသိကြသလား။ သိချင်ယောင် ဆောင်ကြသလား။ တပ်မတော်၌ ဂျူနီယာက စီနီယာ ကို လေးစားရိုသေသည်မှာ အစဉ်အလာဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များတွင် ဒီမိုကရေစီ လမ်းခင်း ပေးခဲ့သူ ဖြစ်ခဲ့သည်မှာ အမှန်ပင်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဒီမိုကရေစီလမ်းခင်းပေးသူ ကျေးဇူး ရှင်အဖြစ် သတ်မှတ်သည်မှာ အမှားမဟုတ်။

သူက မထင်မရှား ဖြစ်သော်လည်း လက်စောင်းထက်သူဟု ပြော ကြ၏။

စာရေးသူကမူ ဤသို့မထင်ပါ။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က...

"ရဲဘော် မှန်တယ်ထင်ရင် ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ ခေါင်းမာက် ဆုတ် ဆက်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စိတ်ရှိသူ၊ ပြစ်သား ရဲရင့်သူ ဖြစ်သဖြင့် ဤသို့ပြောခြင်းသာ ဖြစ်မည် ထင်သည်။

ပြီးတော့ ကာကွယ်ရေးဦးစီးချုပ်၏ ဘဝဖြတ်သန်းမှုကလည်း မထူးသော်လည်း ဆန်းသည်ဟု ဆိုရမည်။

✤

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၁၉၅၆ ခုနှစ် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက် နိုင်ငံတော် မတည်မငြိမ် ဖြစ်စအချိန်၌ ဖွားမြင်ခဲ့သူဖြစ်၏။

မြန်မာပြည်အောက်ပိုင်း တနင်္သာရီဒေသကြီး ထားဝယ်မြို့ဇာတိဖြစ်သော်လည်း မဟာရန်ကုန် ရင်ခွင်ရိပ် ခိုလှုံကြီးပြင်းခဲ့သူဖြစ်၏။

ထိုစဉ်က ဖခင်ဖြစ် "ဦးခင်လှိုင်"သည် အစိုးရဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦး၊ သူတို့မိသားစုသည် ရန်ကုန်မြို့၏ ဗဟိုချက်မဖြစ်သော ဆူးလေဘုရားလမ်း၊ ဗဟိုမီးသတ်ကြီးရှေ့တည့်တည့် တစ်ဖက်လမ်းပေါ်ရှိ တိုက်ခန်းများ၌ နေခဲ့သူ။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား အုပ်စိုးစဉ်က "စင်ထရယ်ကျောင်း" ဟု နာမည်ကျော်ခဲ့သည့် "လသာ၊ အထက(၁)"တွင် တက်ရောက်ပညာသင်ခဲ့ပြီး ၁၉၇၂ ခုနှစ်၌ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့၏။

ထို့နောက် ၁၉၇၄ ခုနှစ်၊ ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တွင် တတိယနှစ် ဥပဒေသင်တန်းကို တက်ရောက်ခဲ့သည်။

ထိုစဉ်က တက္ကသိုလ်အရန်တပ်ရင်း၌ တပ်ကြပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

"အောင်စွမ်း" ပြုစုသည့် "တပ်ဗိုလ် တပ်မင်း တပ်ချုပ်ကြီးအား လူအုပ်ကြားမှ တိုးဝှေ့ကြည့်ခြင်း"စာအုပ် (စာ-၃၀)၌



www.burmeseclassic.com

www.burmeseclassic.com



တတိယနှစ် ဥပဒေသင်တန်းသား ဗိုလ်ချုပ်မှူးကြီးလောင်း ဦးမင်းအောင်လှိုင်က **"ရဲဘော်... မှန်တယ်ထင်ရင် ပြတ်ပြတ်သားသား ရဲရဲတင်း နောက်မဆုတ် ဆက်လုပ်ပါ"**ဟု ဆိုခဲ့သလို၊ **ရည်ရွယ်ပြီးရင် လုပ်ဖြစ်အောင်လုပ်၊ လုပ်လိုက်ရင်လည်း အောင်မြင်ရမည်လို့ ခံယူပါ"**ဟု ဆိုခဲ့သည်။

စတုတ္ထနှစ် မြန်မာစာကျောင်းသူ "ခင်ကြူကြူလှ"သည် သင်တန်းသား မင်းအောင်လှိုင်နှင့် လူငယ်ချင်း ချစ်ခင်စုံမက်ရာမှ နောင်အခါနှစ်ယောက်တစ်ဘဝ ထူထောင်ခဲ့ကြသည်။

ယခု ဗိုလ်ချုပ်မှူးကြီး ကတော်အဖြစ် တိုင်းပြည်တာဝန်များကို အောင်တစ်ထမ်း မယ်တစ်ရွက် ထမ်းရွက်နေကြသည်ဟု ရေးသားထားသည်ကို မှတ်သားရသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၆) တပ်မတော်သားဘဝ ဖြတ်သန်းခြင်း

ထို့နောက် စစ်တက္ကသိုလ်၊ အမှတ်စဉ်(၁၉)သို့ တက်ရောက်ခွင့် ရခဲ့သည်။ ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ၌ စစ်တက္ကသိုလ်မှ အောင်မြင်ပြီး မြန်မာ့တပ်မတော်၌ ဒုဗိုလ်အဖြစ် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သူ၏ရာထူး၊ ငယ်စဉ်ကာလ များက ခြေမြန်တပ်မ(၈၈)၏ တိုက်ခိုက်ရေးတပ်ဖွဲ့များကို ဦးစီးဦးဆောင် ပြုခဲ့သည်က များ၏။

ထိုကာလများက သူ့ကို တိုက်ခိုက်ရေးသမားကောင်း တစ်ဦး အဖြစ် လည်းကောင်း၊ တဲ့တိုးသမားဖြစ်ပြီး ပြတ်ပြတ်သားသား လုပ် ဆောင်တတ်သူအဖြစ် လည်းကောင်း နာမည်ရရှိခဲ့၏။

စာဖတ်ခြင်းကို ဝါသနာထုံသူတစ်ဦးဖြစ်ပြီး လူကြီးလူကောင်း တစ်ဦးအဖြစ်လည်း အသိအမှတ် အပြုခံရသူဖြစ်၏။

ထို့နောက်ပိုင်း သူသည် ဗိုလ်မှူးကြီး ဖြစ်လာပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ခြေမြန်တပ်မ(၄၄)၏ တပ်မမှူး ဖြစ်လာ၏။

၂၀၀၃ ခုနှစ်သည် သူ့အတွက်ထူးခြားသောနှစ်ဟု ဆိုရမည်ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်စဉ်(၁၉)ဖြင့် စစ်တက္ကသိုလ်တက်ခွင့် ရခဲ့သလို သူသည် မြန်မာပြည်စစ်တက္ကသိုလ်၏ (၁၉)ဆက်မြောက်သော စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်လာခဲ့သည်။

စစ်တက္ကသိုလ်၏ ပြောင်းလဲတိုးတက်မှုများအား အံ့ဩဝမ်းသာ ဖြစ်ခဲ့သော သူ့သဘောထားကို ၂၀၀၄ ခုနှစ် စစ်တက္ကသိုလ် ရွှေရတု မဂ္ဂဇင်း၌ "အတိတ်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ဆီသို့"ဆိုသည့် ဆောင်းပါး ဖြင့် ရေးသားဖော်ပြခဲ့၏။

သူသည် စစ်တက္ကသိုလ်၌ သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ပြီး နောက် ရာထူးတိုးမြှင့်ခြင်းခံရပြီး မြန်မာပြည် အနောက်တံခါးဟု ဆိုရ သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်မြေချင်းဆက်စပ်နေသည့် ရခိုင်ပြည်နယ် ကို အုပ်စိုးရသည့် မြန်မာ့တပ်မတော် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (နပခ)တိုင်းမှူး ဖြစ်လာခဲ့သည်။

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ၏ ကံကြမ္မာဆိုးဖြစ်သော နာဂစ်မုန်တိုင်း ဝင်ရောက်မွှေနှောက်ပြီး နောက်တစ်လခန့်အကြာ ဇွန်လ၌ မြန်မာ့မူးယစ် ဆေးဝါးများ၏ အသက်သွေးကြောဖြစ်သည့် ရွှေတြိဂံဒေသ၏ တိုင်းမှူး အဖြစ် ပြန်လည်ပြောင်းရွှေ့ တာဝန်ယူခဲ့ရ၏။

များမကြာမီ ၂၀၀၉ ခုနှစ် အစောပိုင်းကာလ၌ စစ်ဒေသသုံးခု (အရှေ့မြောက်၊ အရှေ့နှင့် တြိဂံစစ်ဒေသ)ကို အုပ်စိုးရသည် အထူးစစ် ဆင်ရေးဌာန(၂)၏ ကွပ်ကဲရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုး မြှင့်ခြင်း ခံရသည်။

ထိုအချိန်၌ သူသည် စစ်ဒေသ၏ တပ်မှူးအဖြစ် ဒေသတွင်းရှိ သီးခြားစောင့်တပ်ဖွဲ့ တည်ထောင်ရေးတာဝန် ယူရသည်။

ထိုစဉ်က တပ်မတော်ရေးရာ နိုင်ငံရေး အကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အတူ တပ်မတော်တာဝန် ထမ်းဆောင်ခဲ့ပြီး အပစ်



www.burmeseclassic.com

www.burmeseclassic.com



အခတ်ရပ်စဲထားသည့် လက်နက်ကိုင်အုပ်စုများအား တပ်မတော်၏ လက်အောက်ခံ နယ်ခြားစောင့်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးခဲ့သည်။

တပ်မတော်၏ အဆိုပါ အစီအစဉ်အား ကိုးကန့်အဖွဲ့မှ ပယ်ချလိုက်သည့်အခါ အမြစ်ပြတ်ချေမှုန်းရေး အစီအစဉ်အား သူကိုယ်တိုင် ဦးဆောင်ခဲ့သည်ဟု "လူထုပုံရိပ်ဂျာနယ်" Vol(4) No.(44) စာ–၂၀–၂၁ ၌ ဖော်ပြထားသည်ကို တွေ့ရ၏။

စင်စစ် မြန်မာ့တပ်မတော်သည် ကိုးကန့်အဖွဲ့အား အပြတ်ချေမှုန်းရေးလမ်းစဉ်ကို ယခုမှ ချမှတ်သည်မဟုတ်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လနောက်ပိုင်းကတည်းက ချမှတ်ခဲ့သည်ဟု မှတ်သားရ၏။

ဤသို့ဖြင့် သူသည် ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း နေရာဖြစ်သည့် ကြည်း၊ ရေ၊ လေ ညှိနှိုင်းကြီးကြပ်ရေးမှူး ဖြစ်လာခဲ့သည်။

ပထမ အရပ်သားအစိုးရဖြစ်သည့် ကြံ့ခိုင်ရေးအစိုးရ တက်လာပြီး တစ်နှစ်အကြာ ၂၀၁၂ ခုနှစ်တွင် မြန်မာ့တပ်မတော်၏ အမြင့်ဆုံးရာထူး ဖြစ်သော ဒုတိယဗိုလ်ချုပ်မှူးကြီး အဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အနားယူလျှင် ဗိုလ်ချုပ်မှူးကြီးနေရာ ရခဲ့၏။

သည်အခါ အစဉ်အလာအရ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော် ရာထူးအမြင့်ဆုံးသူ ဖြစ်ခဲ့သလို မြန်မာနိုင်ငံရေးစင်မြင့်၏ အဓိကဇာတ်ဆောင် ဖြစ်ခဲ့သည်။

သို့သော်၊ သူသည် မောက်မာ ပလွှားခြင်းမရှိ။ လူသားဆန်သော အပြုံးရှင်ဖြစ်သည်။ တပ်မတော်၏ ပကတိ အစဉ်အလာ ဖြစ်သည့် စစ်မြေပြင်တွင် ရန်သူအား မီးလိုနေလို ကျင့်တတ်သလို အခြားအမြင် ပြည်သူကို နေလို လလို ကျင့်တတ်သူသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ကာကွယ်ရေးဦးစီးချုပ်သည် တစ်ဖက်စွန်းရောက် အမုန်ကို အမှန်သိအောင် မကြိုးစားသူများကြား၌ တည်ငြိမ်စွာ နေရသူ ဖြစ်၏။

"၂၀၀၈"ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြုပြင်ရန် ပယ်ဖျက်ရန် ကြိုးစားသော်လည်း "ဘာမကောင်း"ဟု တိတိပပပြောနိုင်သူ မရှိသေး။

ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်နိုင်သဖြင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေသည် ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတ မဖြစ်စေရန် ကန့်တားထားသည့်ဥပဒေဟု ခေါ်ကြသည်။ အခြေခံဥပဒေနှင့် ပတ်သက် ၍ ဗိုလ်ချုပ်အောင်ဆန်း လက်ထက် ရေးဆွဲသည့် ၁၉၄၇ အခြေခံဥပဒေ၊ ဗိုလ်ချုပ်နေဝင်းလက်ထက် ၁၉၇၄ ဥပဒေ စသည့် အခြေခံဥပဒေများ၌ သမ္မတဖြစ်ခွင့်နှင့် ပတ်သက်၍ ဘာတွေ ကန့်သတ်ချက်တွေ ရှိသည်ကို လေ့လာစမ်းဖူးပါသလား။

ဒါတွေကို လေ့လာသင့်ပါသည်။

ထို့အတူ အခြေခံဥပဒေကို ကာကွယ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ခြင်း၊ ခေတ်မီတိုးတက်သောတပ်မတော် ဖြစ်ပေါ်လာစေရေး ကြိုးစားစွမ်းဆောင်ခြင်းသည် မှန်ကန်သည့် တပ်မတော်၏ ရပ်တည်ချက်ဟု ဆိုရပါမည်။

တပ်မတော်က တပ်မတော် စည်းလုံးရပါမည်၊ တိုးတက်ခေတ်မီသော တပ်မတော် မဟုတ်လျှင် နိုင်ငံကို မည်သို့ ကာကွယ်နိုင်မည်နည်း။

ကျွန်တော်တို့ မြန်မာတွေ သတိထားသင့်ပါသည်။ ၁၈၈၅ ခုနှစ်က မြန်မာ့တပ်မတော်သည် အင်အားမရှိသဖြင့် နယ်ချဲ့ဗြိတိသျှ၏ ကျူးကျော်စော်ကားမှုကို ခံရသည်။ မြန်မာနိုင်ငံ ကျွန်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ တပ်မတော်အင်အား တောင့်တင်းအောင် စီမံခြင်းသည် "ငြိမ်းချမ်းမှု"အတွက် ဖြစ်သည်။ ကျွန်တော်တို့ အနေနှင့် အနောက် အုပ်စု၏ သွေးခွဲစကားများ နားမယောင်သင့်။ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးအတွက် အသက်ပေး ကာကွယ်နေသည့် တပ်မတော်ကို အပြစ် မမြင်သင့်။ အပြစ်မပြောသင့်ပါ။

တပ်မတော်အနေနှင့် ဒေါ်အောင်ဆန်းစုကြည် အစိုးရနှင့် လိုက် လျောညီထွေရှိအောင် နေခြင်းသည် ကောင်းမွန်သော အမျိုးသားရင် ကြားစေ့ရေးပင် ဖြစ်သည်။

ဒါက တိုင်းပြည်ကောင်းစားရေး ဖြစ်သည်။ သို့သော်ပင် ငြိမ်းချမ်း ရေးနှင့် ပတ်သက်၍လည်း တကယ်စဉ်းစားကြည့်လျှင် တပ်မတော်သည် တိုင်းရင်းသားများကို နှိပ်ကွပ်နေသည် မဟုတ်။

အနောက်အုပ်စု နိုင်ငံကြီးများ၏ နယ်ချဲ့အုပ်စိုးမှုကို ခံစားရ သဖြင့် ကျူးကျော်နယ်ချဲ့မှု မခံရစေရန် အချိန်မီ ကာကွယ်နိုင်ရေး နိုင်ငံအကျိုးအတွက် စစ်မျက်နှာဖွင့်ရခြင်း ဖြစ်သည်ကို နားလည်ထား သင့်သည်။

တပ်မတော်သည် ပြည်ပသွေးထိုးမှုနှင့် တိုင်းပြည်ကို ရန်ပြုသည့် ပြည်တွင်းသောင်းကျန်းမှုဒဏ်၊ ကုမင်တန် ကျူးကျော်မှု၊ သွေးပျက်ရှုမ် လှိုင်းလုံးစစ်ဆင်ရေးတို့ တပ်မတော်က ကြုံခဲ့ဖူး၏။

ထို့အတူ ယခုအချိန်တွင် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်း သူအချို့၏ စိန်ခေါ်စစ်ကြေညာမှု၊ ပြည်ပအုပ်စု၏ သွေးထိုးပံ့ပိုးပြော ပင့်မှုကြောင့် တပ်မတော်ကို ထိပါးနေသောသူများ ရှိနေ၏။

ထိုအချိန်သည် နိုင်ငံတော်၏ အချုပ်အခြာ အရေးကြီးသည် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေး အရေးကြီးခိုက် ရမည်။



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ရေး မဆုံးရှုံးစေရန် ကာကွယ်စောင့်ရှောက်ရသည်မှာ တပ်မတော် ဖြစ်သလို ပြည်သူ့ဘဝ လုံခြုံရေးအတွက်လည်း တပ်မတော်က လုပ်နေရသည်။

ထို့ကြောင့် တပ်မတော် အင်အားတောင့်တင်းရန် လိုသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ကို နားလည်ရမည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၁၉)ဆက်မြောက် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်စဉ်က စစ်တက္ကသိုလ် ရွှေရတုစာစောင်၌ "အတိတ်ပစ္စုပ္ပန်မှ အနာဂတ်ဆီသို့"ဟူသည့် ဆောင်းပါးဖြင့် တပ်မတော် အနာဂတ် စိတ်ကူးယဉ်မှုကို အကောင်အထည် ဖော်နေသဖြင့် ကျွန်တော်တို့ ပြည်သူအများ လိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့်အတိုင်း တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဟု ပြည်သူများ ယုံကြည်နေသောကြောင့်ဖြစ်ပါသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၇) ဗိုလ်ချုပ်မှူးကြီး၏ အမူအကျင့်နှင့် အတွေးအမြင်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မောက်မာပလွှားခြင်း မရှိ လူသားဆန်သော အပြုံးရှင် ဖြစ်သည်။

တပ်မတော်၏ ပကတိအစဉ်အလာဖြစ်သည့် စစ်မြေပြင်၌ မီး နေလို ကျင့်နေသလို၊ အေးချမ်းသော ပြည်သူ့ကြား၌ ပြည်သူတို့အ နေလို လလို ကျင့်သူသာ ဖြစ်၏။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တည်ငြိမ်ပြတ်သားသ လူကြီးလူကောင်းဆန်စွာ တည်ငြိမ်စွာ နေတတ်သူဖြစ်သည်။

ပြီးတော့ အမှန်နှင့် အမှားကို သေချာစွာ လေလာစူးစမ်းမှုမ များကြားတွင် တည်ငြိမ်စွာ နေတတ်သူလည်း ဖြစ်၏။

ဗိုလ်ချုပ်မှူးကြီးသည် စာဖတ်သူ ဖြစ်သဖြင့် အသိ၊ အမြင်ကြွယ် သည်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းသူ။

သူက မှန်တယ်ထင်ရင် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သား လုပ်ရ အောင်မြင်အောင် လုပ်ရမည်ဆိုသော ခံယူချက်ရှိသူ ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းမှန်အောင် ကြိုးစားပြီး အမှန်ကို ရဲရဲဝံ့ဝံ့ အောင်မြင်အောင် လုပ်ဆောင်နေသူဖြစ်၏။

သူက ပြည်သူအတွက်၊ နိုင်ငံအတွက် အမြဲတမ်း ရှေ့တန်းတင်မြင်နေသူ ဖြစ်သလို အချုပ်အခြာအာဏာနှင့် ပြည်သူ့အသက်အိုးအိမ်ကို ထိပါး စော်ကားလာလျှင် သည်းခံမည့်သူ မဟုတ်ဟု သုံးသပ်ရ၏။

မှန်သည်။ သူ့ဘဝသမိုင်းပုံရိပ် ပီပြင်ခဲ့ခြင်း မှန်ကန်သည်ကို မြင်တတ်သည်။ ပြည်သူများ အားကိုးအားထား ပြုနေကြခြင်းကပင် သက်သေဟု ဆိုရမည်ဖြစ်သည်။


ပြည်တွင်းပြည်ပ သတင်းသမားများကြား၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝင့်ထည်ခဲ့သည်မှာလည်း သူ့အရွှတ္တနှင့် သူ့အတွေးအမြင် မှန်ကန်မှုကြောင့် ဖြစ်သည်တည်း။

✤



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



## (၈) တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု

ပြည်ပမီဒီယာ အတော်များများနှင့် ပြည်တွင်းမှ ဒီမိုကရေစီသာ အဓိကဆိုသည့် ပုဂ္ဂိုလ်များက အမျိုးသားရေး ဆိုသည်ကို အလေးမထားကြ။ မလိုအပ်ဟု ထင်ကြသည်။

တပ်မတော်က အမျိုးသားနိုင်ငံရေး လုပ်နေသည် ဆိုသည်ကို သက်မခံချင်ကြ။ အချို့ကဆို မိုက်မဲစွာပင် အမျိုးသားနိုင်ငံရေးဆိုတာ မလိုဟု ပြောကြသည်။

စင်စစ် နိုင်ငံရေးကို လေ့လာလျှင် နိုင်ငံရေးတွင် အမျိုးသားနိုင်ငံရေးနှင့် ပါတီနိုင်ငံရေးဟု ရှိမည်ကို တွေ့ရသည်။

အမျိုးသားနိုင်ငံရေးက အမျိုးသားရေး အဓိကထားသည်။ အမျိုးသားအားလုံးအတွက် ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးစု ကောင်းစားရေး ရေ့ရှုဒါသက်သက် ဖြစ်သည်။

အကျိုးမျှော်ကိုးမှု မရှိ။

ပါတီနိုင်ငံရေးကမူ အမျိုးသားနိုင်ငံရေးလို မဟုတ်။ အကျိုးမျှော်ကိုးမှုရှိသည်။ ဂိုဏ်းဂဏဝါဒတစ်မျိုးဟု ဆိုရမည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိပါတီ အာဏာရရေး၊ မိမိပါတီ အောင်နိုင်ရေး အဓိကထား သည်။ မိမိပါတီအကျိုးစီးပွားအတွက် ထိုးနှက်ပုတ်ခတ်ရန်လည်း ဝန်မ လေးကြ။

အတ္တ၊ ပရ ယှဉ်ပြောရလျှင် ပါတီနိုင်ငံရေးသည် အတ္တဝါဒနိုင်ငံ ရေးဖြစ်ပြီး အမျိုးသားနိုင်ငံရေးသည် ပရအကျိုးပြုနိုင်ငံရေး ဖြစ်၏။

ဗိုလ်ချုပ်မှူးကြီးက တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင် မှုအပိုင်းတွင် တစ်စိတ်တစ်ပိုင်းက ပါဝင်နေသည်ဟု ဆို၏။

ဂျပန်မီဒီယာများနှင့် တွေ့ဆုံစဉ်၌ ဗိုလ်ချုပ်မှူးကြီးက စာဖတ်နာ သူ၊ စာပေလေ့လာသူပီပီ နိုင်ငံ့သမိုင်းကြောင်းနှင့်ယှဉ်၍ ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံး ခဲ့သည့် ၁၈၈၆ ခုနှစ်၌ လွတ်လပ်ရေး ဆုံးရှုံးသည်။

၁၉၄၈ ခုနှစ်ကျတော့ လွတ်လပ်ရေး ရသည်။ ဒီတော့ နိုင်ငံ ကာကွယ်ဖို့ အင်အားတစ်ရပ် လိုလာပြီဆိုတာ အထူးပြောစရာမလို။

၁၉၄၈ ခုနှစ်က ရအောင်ကြိုးစားနိုင်ခဲ့တာလည်း ခေတ်မီတပ်မ တော်ရအောင် ဂျပန်နိုင်ငံက ကူညီခဲ့သည်ဆိုတာ သမိုင်းသက်သေရှိ သည်။

သည်နေရာတွင် တစ်ခုသတိထားရမည်က တပ်မတော်ဖွဲ့ရာတွင် ရဲဘော်သုံးကျိပ် ပါဝင်သော်လည်း လွတ်လပ်ရေးရရန် ရဲဘော်သုံးကျိပ် ကြောင့်ချည်းဟု ပြောမရ။ ပြည်သူတွေ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ရဲဘော်သုံးကျိပ်နဲ့ ပြည်သူ ပူးပေါင်းပြီး BIA (ဘီအိုင်အေ) တပ်မတော်ဖွဲ့ပြီး နယ်ချဲ့ကို တိုက်ခဲ့ကြသည်။

လွတ်လပ်ရေးရအောင်တိုက်ဖို့ တပ်မတော် လိုသလို၊ လွတ်လပ် ရေးကို ကာကွယ်စောင့်ရှောက်ဖို့ တပ်မတော်လိုသည်။ ဒါကလည်း သမိုင်းကြောင်းဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံသမိုင်းကို ပြန်ကြည့်လျှင် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး ၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာသည်အထိ ခေတ်တွေ အမျိုးမျိုး ရှိခဲ့သည်။

ပါလီမန်ဒီမိုကရေစီခေတ် တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်၊ ပြီးတော့ ဒီမိုကရေစီအစိုးရခေတ်အထိ ခေတ်အမျိုးမျိုး ရှိခဲ့သည်။

ထို့ကြောင့် နိုင်ငံရေးအရ လှိုင်းကြီးလေထန်မှု ရှိသလို လုံခြုံရေးအရလည်း လှိုင်းကြီးလေထန်မှု ရှိသည်။ ဒါတွေက နိုင်ငံအတွက် အရေးကြီးသည်၊ တည်ငြိမ်ဖို့ လိုသည်။

ဒီလို တည်ငြိမ်မှု ရလာစေရန်အတွက် တပ်မတော်က ဝင်ရသည်။ ဆောင်းခံပေးရသည်။ တပ်မတော်က လွှတ်တော်တွင်လည်း ဝင်ရောက်ဒိုးမှုမရှိ။ စွက်ဖက်မှုမရှိ။ ဖြစ်သင့် ဖြစ်ထိုက်တာကို ပြည်သူလူထုအကျိုးအတွက် ဝင်ရောက် တင်ပြပေးသည်ပဲ ရှိသည်။

✤

တပ်မတော်သည် ဘက်လိုက်သူများ မဟုတ်။ တပ်မတော်က နိုင်ငံကောင်းဖို့အတွက် တစ်ခုပဲ ဦးတည်လုပ်သည်။ ဘက်လိုက်ခြင်းမရှိ။

နိုင်ငံကောင်းဖို့ဘက်မှလွဲ၍ မည်သည့်အကျိုး မျှော်ကိုးမှု ရည်ရွယ်ချက်မရှိ။

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် ဘယ်ခေတ်၊ ဘယ်ခါမှာဖြစ်ဖြစ် ဘယ်သူတွေက ဘာပဲလုပ်လုပ်၊ နောက်ဆုံးပြဿနာ အရှုပ်အထွေးတွေ တပ်မတော်ကပဲ ရှင်းရသည်။

ခေါင်းခံရသည်။ ပေးဆပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်သူကပဲလုပ်လုပ်၊ ဒီပြဿနာကို ဖြေရှင်းရသည်မှာ၊ ပေးဆပ်ရသည်မှာ တပ်မတော်ပဲဖြစ်သည်။ ဖြစ်ပျက်ခဲ့သည့် ပြဿနာအစစအား တပ်မတော်ကပဲ ဖြေရှင်းပေးဆပ်တာဟု ဆိုသည်။

ဗိုလ်ချုပ်မှူးကြီးက မလိုအပ်ဘဲ အသက် သွေး ချွေး ပေးဆပ်ရတာမျိုး မဖြစ်ချင်ဟု ဆိုသည်။

နိုင်ငံကာကွယ်ရေး၊ တိုင်းပြည်ကာကွယ်ရေးအတွက် လုပ်သွားတာမျိုးက တန်ဖိုးရှိသည်ဟု ဆို၏။ ဒီအခြေအနေမျိုး ဖြစ်စေချင်သည်။

ဒီအခြေအနေမျိုးရောက်အောင် ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်ဟု ပြောခဲ့သည်။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၉) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပေါ် တာဝန်ကျေမှု၊ ဒီမိုကရေစီအရေး အမြင်ကြည်လင်မှု

မြန်မာနိုင်ငံတွင်းက သမိုင်းကို မှန်မှန်ကန်ကန် လေ့လာသူ၊ မြင်တွေ့ချင်သူ နည်းသည်။

ပြောစကားအပေါ် နားယောင်သည်။ အထူးသဖြင့် နိုင်ငံတကာဆိုသည့်စကားသုံးပြီး "လူအ"တွေ ဖြစ်နေကြသည်ကို တွေ့ရသည်။

အနောက်အုပ်စု လေသံအတိုင်း တပ်မတော်ကို အာဏာရှင်ဟု ပြောသည်။

တပ်မတော်ကို ရိုးမယ်ဖွဲ့ အပြစ်ရှာကြသည်။

အပြစ်အနာအဆာ ထောက်မပြနိုင်ဘဲ ဝါးလုံးရှည်နှင့် ယမ်းသလို ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို အပြစ်ရှာသည်။

အာဏာအားလုံးအား တပ်မတော်မှ လွှဲအပ်ပေးခဲ့ပြီးပြီ။ သို့သော် တပ်မတော်သည် သစ္စာလေးချက် ဦးထိပ်ရွက်ပန်ဆင်ထားသူများ ဖြစ်သည့်အတွက် **"အထက်မှ ပေးအပ်သည့် အမိန့်နှင့် တာဝန်ကို ကျေပွန်**



www.burmeseclassic.com

www.burmeseclassic.com



**စွာ ထမ်းဆောင်ပါမည်”**ဟူသည့် သစ္စာအဓိဋ္ဌာန်အတိုင်း ဖွဲ့စည်းအုပ်ချုပ် ပုံက ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

ဒါကို အပြစ်မရှိ အပြစ်ရှာသည်။ ဝင်ပါနေသည်ဟု ပြောသည်။ ဒါကြောင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က...

“ခုနကမေးတဲ့ ပြည်ထဲရေးတို့၊ ကာကွယ်ရေးတို့၊ နယ်စပ်ရေးရာ နဲ့ ပတ်သက်ရင် သူတို့ဝန်ကြီးဌာနက သူတို့ဘာသာသူတို့ တာဝန် ထမ်းဆောင်နေတာ၊ ကျွန်တော်တို့ တပ်မတော်က ဘာမှဝင်မ ပြောဘူး၊ သူတို့ကို တာဝန်ပေးထားတာပဲရှိတယ်၊ ပြည်ထဲရေးဆို လုံခြုံရေးပိုင်းပေါ့၊ ပူးပေါင်းဆောင်ရွက်တာပဲ၊ တပ်မတော်က အကူအညီ ပေးတာပဲ ရှိတယ်၊ ကိုယ့်တာဝန် ကိုယ်ထမ်းဆောင် တာပဲ”

ဟု ပြောသည်။

ထို့အတူ နိုင်ငံခြားကလူတွေက “ဒီမိုကရေစီနည်းမကျ”ဟု ပြော သည်ကိုမှ လက်ခံခြင်းမရှိ။ တပ်မတော်အနေနဲ့ ကာကွယ်ရေးကို ဘယ် တော့ အာရုံစိုက်မလဲဟု မေးတော့ ပြုံးလျက်...


“မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကျင့်သုံးပုံနဲ့ ပတ်သက်လို မြန်မာနိုင်ငံ နဲ့ ကိုက်ညီတဲ့ စနစ်ကိုပဲ သွားတာပေါ့၊ ဒီမိုကရေစီမှာ သူက ဒီ အတိုင်း လုပ်ရမယ်လို့ ဘယ်သူကမှလဲ ပြောထားတာ မရှိဘူး နိုင်ငံအတော်များများကို ကြည့်လိုက်ရင် တချို့ ဒီကနေ့ ဒီမိုက ရေစီ ကျင့်သုံးနေသည့် နိုင်ငံများသည် သူ့နိုင်ငံ သူ့အခြေအနေ အရ ကျင့်သုံးနေကြတာ၊ တစ်ပါတီဒီမိုကရေစီကို ပြောနေသူတွေ လည်း ရှိတယ်၊ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက် ညီတဲ့ ဒီမိုရေစီလမ်းကြောင်းကို သွားရတာပေါ့၊ လက်ရှိအခြေ အနေအရတော့ အဲဒါ အကောင်းဆုံးပဲ ဖြစ်တာမို့ ဒီလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com






## အမြင်(၄)မြင်
## The Four Outlooks

- နိုင်ငံရေးအမြင်
  Political Outlook
- အုပ်ချုပ်ရေးအမြင်
  Administrative Outlook
- စီးပွားရေးအမြင်
  Economic Outlook
- ကာကွယ်ရေးအမြင်
  Defence Outlook

www.burmeseclassic.com

www.burmeseclassic.com



ကို ရွေးတာ၊ ဒါကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ပေးတယ်ဆိုတဲ့ ကာကွယ်ရေးဝန်ကြီးတို့က တပ်မတော်က ရွေးပေးတာမို့ ဒီမိုကရေစီနည်း မကျဘူးလို့ပြောရင် မမှန်ဘူး မဖြစ်နိုင်ဘူး၊ ဒါကတော့ တိုင်းပြည့်အခြေအနေအရ လုပ်ရတာ" ကာကွယ်ရေးဦးစီးချုပ် ပြောသည်မှာ မှန်သည်။ ကမ္ဘာတွင် နိုင်ငံများစွာရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြ။ အခြားနိုင်ငံ တစ်ခုနှင့်နှိုင်းပြီး တစ်မတော်ကို ဒီမိုကရေစီနည်းလမ်းမကျဘူးဟု ပြော လို့မရ။

နိုင်ငံတစ်နိုင်ငံအကြောင်းကို ပြောလျှင် ထိုနိုင်ငံ၏သမိုင်းကြောင်း နှင့် ယှဉ်တွဲပြောမှ မှန်မည်။

ပြောရလျှင် မြန်မာနိုင်ငံက ဒီမိုကရေစီ၊ ပါတီစုံဒီမိုကရေစီ အတွေ့ အကြုံက နုနယ်သေးသည်။

ဒီအပေါ်မှာ မူတည်ပြီးမှ သူတို့ရဲ့ အတွေ့အကြုံ ရင့်ကျက်လာ မည်။

နိုင်ငံ တည်ငြိမ်အေးချမ်းလာမည်။

ဆိုရလျှင် ကျွန်တော်တို့နိုင်ငံက လက်နက်ကိုင် ပဋိပက္ခများသည် ဒါတွေ အေးချမ်းသွားမည်၊ လူတိုင်းဟာလည်း ဒို့တာဝန်အရေးသုံးပါး ထိခိုက်စရာမရှိ ဆိုလျှင် တပ်မတော်သည်လည်း မှန်မှန်ကန်ကန် တာဝန် ထမ်းဆောင်နိုင်သည့် အခြေအနေ ရောက်သွားမည်မှာ မုချပင်။

ထို့ကြောင့် လူတွေ ဆန္ဒမစောသင့်။ ဘေးစကား၊ သွေးထိုးစကား နားယောင်ပြီး အချင်းချင်း အပြစ်မရှာသင့်။

တိကျစွာ လေ့လာကြည့်လျှင် တပ်မတော်သည် ၁၉၆၂ က အခြေ အနေနှင့်၊ ၁၉၈၈ ခုနှစ် အခြေအနေနှင့်၊ ၂၀၁၁ ခုနှစ် နောက်ပိုင်းအခြေ အနေက မတူသည်ကို သုံးသပ်တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com







တပ်မတော် တိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးစားနေသည့်
ကာကွယ်ရေးဦးစီးချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ တပ်မတော်သည် အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေ လမ်းကြောင်း သွားသည့်အခါ၌ ပေးသည့်တာဝန်အတိုင်း ရပ်နေသည်ကို တွေ့ရသည်။

Constitution တွင် တပ်မတော်အား ပေးထားသည့် တာဝန် ရှိသည်။ ဒီအပေါ်မှာပင် တပ်မတော် သွားနေခဲ့သည်။ သွေဖီခြင်းလည်း မရှိ။ ကျူးကျော်ခြင်းလည်း မရှိ။

ထို့ကြောင့် လူအများအနေနှင့် တပ်မတော်သည် ပေးအပ်သည့် တာဝန်အတိုင်းသာ လုပ်နေခြင်း ဖြစ်သည်ကို နားလည်သင့်သည်။

✤

ဒီမိုကရေစီ ဆိုသည်မှာ သူ့ကဏ္ဍနှင့်သူ အပြန်အလှန် ထိန်း ကျောင်းခြင်းသာ ဖြစ်သည်။

တပ်မတော်သည်လည်း သူ့တာဝန် သူထမ်းဆောင်နေခြင်းသာ ဖြစ်သည်။ ပြီးတော့ ဤလမ်းကြောင်းသည် ပြည်သူမှ ရွေးချယ်ခဲ့သည့် လမ်းကြောင်းသာဖြစ်သည်။

"တပ်မတော်က ဖော်ဆောင်ပေးတာသာ ဖြစ်တယ်၊ ဒီလို ဖော် ဆောင်ပေးထားတော့ တပ်မတော်ကနေပြီး နမူနာစံပြ လိုက်နာ ရမယ့် အနေအထား ရှိသည်ဟု ပြောချင်တယ်"

ဟု ဆိုခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်က "ဒီဟာတွေကို အေးအေးချမ်း ချမ်းနဲ့ သေသေချာချာ စည်းကမ်းရှိရှိနဲ့ ဖြစ်လာဖို့ ဒါတွေကို ကျွန်တော် တို့ ကျော်ဖြတ်ရမယ်"ဟု တည်ငြိမ်အေးချမ်းစွာ စေတနာ၊ မေတ္တာစကား ဆိုခဲ့သည်။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၁၀) ကာကွယ်ရေးဦးစီးချုပ်နှင့် Standard Army တည်ဆောက်ခြင်း

ဇွန်လ(၁)ရက် ၂၀၁၆ ခုနှစ်ထုတ် ၇ ရက်သတင်းဂျာနယ် 7 Day New's Journal ဂျာနယ်မှာ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရသည်။

ဒီဆောင်းပါးက တကယ်ပြောရရင် "အင်တာဗျူး"ဖြစ်သည်။ ထို အင်တာဗျူး၏အစဦ ဗိုတန်ကာရန်နီသည် အမေရိကန်ပြည်ထောင်စု၊ ဩစတင်ရှိတက္ကသိုလ်မှ အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေး ပညာရှင် ပါမောက္ခတစ်ဦး ဖြစ်သည်ဟု သိရသည်။

ဒီအင်တာဗျူးဆောင်းပါးဟာ ပထမပိုင်းအဖြစ် ဖော်ပြပြီးနောက် တစ်ပတ်မှာ ဒုတိယပိုင်းအဖြစ် ဖော်ပြတာ မတွေ့ရတော့။ ဘာကြောင့် လဲမှ မသိပါ။

သို့သော် သည်ဆောင်းပါးဖတ်ရင်း မြန်မာနိုင်ငံသား တစ်ဦးအနေနှင့် စိတ်ထဲ စနိုးစနောင့် ဖြစ်ခဲ့ပါသည်။ နယ်ချဲ့နိုင်ငံများမှ နိုင်ငံသား ဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့် ပတ်သက်၍ လိမ္မာပါးနပ်စွာ ပြောသွားခဲ့ တော ဆိုခဲ့သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနှင့် တိုင်းရင်းသားတို့ကြားမှ သပ်လျှိုသွေးခွဲစကား ပြော ခဲ့သည်။

ဗမာလူမျိုးကြီးဝါဒ ဆိုသည်မှာ နယ်ချဲ့တို့ ရေလဲသုံးသပ် သွေးခွဲ စကား ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဗမာတို့သည် လူမျိုးကြီးဝါဒ မကျင့်သုံးပါ။ ဘာ့ကြောင့် ဤသို့သုံးသနည်း။

"စစ်တပ်ဟာ လက်နက်ကိုင် တပ်မတော်ရဲ့ ပရော်ဖက်ရှင်နယ် ကျမှုနဲ့ ပတ်သက်လို့ စိတ်ပူသင့်တယ်"ဟု သူဆိုသည်။

ရှင်းရှင်းပြောရလျှင် သူ့သုံးသပ်ချက်များသည် ဖော်ဘုယျဆန်ပြီး သီအိုရီစကားတွေမှန်း သုံးသပ်ရသော်လည်း စစ်တပ်အင်အားချည့်နဲ့ရေး၊ တပ်နှင့်ပြည်သူကြားတွင် အဖုအထစ် ဖြစ်ပေါ်ရေးအတွက် လှုံ့ဆော်မှုဟု နားလည်ရ၏။

စင်စစ်မူ ပညာရှင်တို့သည် နိုင်ငံတစ်နိုင်ငံ၏ အဓိကအဖွဲ့အစည်း တစ်ခုကို သုံးသပ်ဝေဖန်မည်ဆိုလျှင် ပထမဆုံး ထိုနိုင်ငံသမိုင်းကို လေ့ လာရန် လိုပါသည်။ နိုင်ငံတကာစံ၊ သီအိုရီတို့နှင့် ပညာပြ သွေးခွဲခြင်း မပြုသင့်ပါ။

မြန်မာနိုင်ငံသမိုင်းတွင် ၁၈၈၅ ခုနှစ် အင်္ဂလိပ်–မြန်မာ တတိယ စစ်ပွဲ၌ မြန်မာ့တပ်မတော်သည် ခေတ်မီတိုးတက်သော တပ်မတော် မဟုတ်သဖြင့် အင်္ဂလိပ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို ကောင်းစွာမခုခံ နိုင်ခဲ့ပါ။

မြန်မာပြည် ကျွန်ဖြစ်ရခြင်း အကြောင်းအချက်ပေါင်း များစွာထဲ၌ မြန်မာနိုင်ငံတွင် ခေတ်မီတိုးတက်သည့် တပ်မတော် မရှိခြင်းသည်လည်း အကြောင်းတစ်ချက် ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိရန် ဗိုလ်ချုပ်နှင့် ရဲဘော်သုံးကျိပ် ခေတ်မီစစ်ပညာ သင်ယူခဲ့ပြီး ပြည်သူတို့နှင့် ပူးပေါင်းကာ နယ်ချဲ့ကို တော်လှန်တိုက်ခိုက်၍ လွတ်လပ်ရေး အရယူနိုင်ခဲ့သည်မှာလည်း သာဓက ပင်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ကန္တီစာချုပ်အရ တပ်မတော် အင်အား အလျှော့ခံရပြီး ပြည်တွင်းသောင်းကျန်းမှု ပေါ်ပေါက်ခဲ့သည်။

ယင်းသို့ ပေါ်ပေါက်လာသည့် ပြည်တွင်း သောင်းကျန်းသူကို အခြေခံပြီး သူတို့ကို တိုက်ခိုက်နိုင်စွမ်းသည် တပ်မတော်အနေနှင့် ရှိခဲ့ သည်ဟု ဆိုရမည်။

သို့သော် တပ်မတော်အင်အားကို ဤမျှလောက်နှင့် ကျေနပ်မနေ သင့်ဟု တပ်မတော်ခေါင်းဆောင်များက ယူဆခဲ့သည်။

ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်က စွမ်းရည်သုံးရပ် ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် ဖွဲ့စည်းတည်ထောင်ခဲ့သလို စွမ်းရည် ပြည့် တပ်မတော်ဖြစ်ရန် အသီးသီး စွမ်းဆောင်တည်ထောင်ခဲ့၏။

ဒီဘက် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင်မှု တပ်မတော်အား ပြုပြင် ပြောင်းလဲမှု များစွာ လုပ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တပ်မတော်အား Profess- ional တပ်မတော်တစ်ခု၊ Standard Army တစ်ခု ဖြစ်အောင် ပြောင်းလဲ မှုတွေ လုပ်ခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် စွမ်းအားရှိသည့် တပ်မတော်ဖြစ် ရန် လိုအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးက...

"နိုင်ငံတော် ကာကွယ်ရေးအတွက် စွမ်းအားရှိတဲ့ တပ်မတော် တစ်ရပ် ဖွဲ့စည်းခဲ့တာ မှန်တယ်၊ သို့သော်လည်း ပြီးပြည့်စုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်တစ်ရပ် အနေနဲ့ မရောက်သေးဘူး၊ အခု ပိုပြီးခေတ်မီတဲ့ တပ်မတော်တစ်ရပ်ဖြစ်အောင် ပြောင်းလဲမှုတွေ လုပ်တယ်” ဟု ဖွင့်ဟခဲ့သည်။

ဒီတော့ တပ်မတော်မှ စစ်လက်နက် ဝယ်ယူခြင်းနှင့် ပတ်သက်၍ ဝေဖန်ကြသည်။

ယင်းသို့ ဝေဖန်တော့ ဗိုလ်ချုပ်မှူးကြီးက…

“နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်လေယာဉ်တွေ ဝယ်တာပြုတာနဲ့ ပတ်သက်လို့ ပြောရရင် ၁၉၄၇ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တာရှိတယ်၊ အဲဒီမှာ မြန်မာနိုင်ငံ့ ကာကွယ်ရေးအတွက်ဆို လေတပ်က အဖျင်းဆုံး၊ လေယာဉ်အစင်း ‘၅၀၀’ လောက်လိုတယ်၊ နောက် အရန်တွေ ဘာတွေ ပေါင်းလိုက်ရင် ‘၅၀၀’လောက် ထပ်လိုဦးမယ်တဲ့၊ ဒါဟာ ၁၉၄၇ ခုနှစ်က ပြောခဲ့တာ၊ ခုထိ ကျွန်တော်တို့ ဒီအခြေအနေ မရောက်သေးဘူး” မှန်သည်။

မြန်မာပြည် ကာကွယ်ရေးအတွက် တပ်မတော်အနေနှင့် စစ်လက်နက်ပစ္စည်း ပြည့်စုံအောင် လုပ်ရဦးမည်။

ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင် တပ်မတော် တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစွမ်းကုန် လုပ်နေသည်ကို တွေ့ရသည်။

ကမ္ဘာကို ပြန်ကြည့်လျှင် အစ္စရေးသည် နိုင်ငံငယ်ကလေးဟု ဆိုရသည်။ သို့သော် ခေတ်မီတပ်မတော် ရှိနေသဖြင့် ကမ္ဘာ့အလယ်၌ ဝံ့ထယ်နေသည်။

စင်စစ် ဒီကနေ့ ကမ္ဘာ့အလယ်၌ အစ္စရေး ထင်ရှားနေသည်မှာ ခေတ်မီတပ်မတော်နှင့် ကာကွယ်ရေး အင်အားစု(အစ္စရေးတပ်မတော်) ကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ မြန်မာနိုင်ငံတွင် ခေတ်မီတပ်မတော်အဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီစဉ်တည်ဆောက်နေခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာမည့် ပြည်တွင်းရန် ပြည်ပရန် ကာကွယ်ရန် ဖြစ်သည်။

ပြည်သူကို ဒုက္ခပေးရန် မဟုတ်။

ကာကွယ်စောင့်ရှောက်ရန် ဖြစ်သဖြင့် ပြည်သူတွေ မပူပန်သင့်။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၁၁) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့အပေါ် ထားရှိသည့် စိတ်ထား

ကျွန်တော်တို့က ပြည်သူ့ကြားက ပေါက်ဖွားလာတဲ့ တပ်မတော် တစ်ရပ်ပဲ။

ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့။

ပြည်သူရဲ့အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတယ်။

ဒါက...

ကျွန်တော်တို့ရဲ့ တကယ့်ခံယူချက်ပါပဲ။

ဥပဒေက...

ခင်ဗျား လုပ်ရမယ်ဆိုလို့ ကျွန်တော်လုပ်တာ မဟုတ်ဘူး။

ကျွန်တော်ကိုယ်တိုင်ကိုက ဒါလုပ်ဖို့ လိုမယ်ထင်လို့ ယုံကြည်တဲ့အတွက်ကြောင့် လုပ်ပေးတာပါ။

ပြည်သူနဲ့ ပတ်သက်ရင်တော့...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com







ပြည်သူများကြားမှ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်မှူးကြီးကတော်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တပ်မတော်က အမြော်အမြင်ရှိပါတယ် ဆိုတာ ကျွန်တော် ပြောချင်ပါတယ်။

❖

ဥပဒေမှာလည်း သဘာဝဘေးအန္တရာယ် ကျရောက်လို့ရှိရင် တပ်မတော်က ကူညီစောင့်ရှောက်ရမယ်လို့ ပြောထားတာလေး ရှိတယ်။

ဥပဒေက ပြောတာ, ပြောတာတစ်ပိုင်းပေါ့လေ။

ကျွန်တော်တို့ကတော့ ဘာပဲပြောပြော လေးစားလိုက်နာရမှာပေါ့။

တစ်ဖက်ကလည်း နိုင်ငံသားတစ်ယောက် အနေနဲ့ ပြောရလို့ရှိရင် တပ်မတော်သားတစ်ယောက် ဆိုတာက တိုင်းပြည်ကို အသက်ပေးမယ်လို့ သစ္စာဆိုပြီး လုပ်နေတဲ့ တပ်မတော်သားတစ်ယောက် မဟုတ်ဘူးလား…

ကျွန်တော်တို့က ပြည်သူကြားက ပေါက်ဖွားလာတဲ့ တပ်ပါ၊ ဒါ ကျွန်တော် ကြီးကြီးကျယ်ကျယ် ပြောတာ မဟုတ်ဘူး။

တကယ့်ကို ကျွန်တော့်စိတ်မှာ ဒီလိုခံစားရတယ်။

ပြည်သူ့ကြားက ပေါက်ဖွားလာတယ်။

ပြည်သူကို ကာကွယ်မယ်။

ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးမယ်။

❖

မျိုးချစ်စာပေ

www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ပြည်သူ့အကျိုးဆောင်နေသည့် တပ်မတော်သားများ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တပ်မတော်မှာ သုံးခု ပြောထားတယ်။

တစ် အချက်က...

တပ်မတော်ရဲ့တာဝန်က ဘာလဲ...

စစ်တိုက်ဖို့၊ ကာကွယ်ရေး တာဝန်ထမ်းဆောင်ဖို့ပေါ့။

နှစ် အချက်က...

ဘာလဲဆိုရင် လေ့ကျင့်ရေးတာဝန်ပေါ့။

သုံး အချက်က

ပြည်သူ့အကျိုးပြုတာဝန် ထမ်းဆောင်ဖို့...

နံပါတ်သုံး အချက်မှာ...

ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆိုတာလည်း ပါပါတယ်။

ကျွန်တော်တို့ရဲ့ စစ်သားတိုင်း...

တပ်မတော်သားတိုင်းရဲ့

ဒီ Concept က အကုန်လုံးရှိတယ်။

ဒါကြောင့်...

သဘာဝဘေးအန္တရာယ် ပေါ်လာတဲ့အခါကျတော့ တပ်မတော်သားတွေ အကုန်ဝိုင်းလှူကြတာ။

❖



www.burmeseclassic.com

www.burmeseclassic.com



# (၁၂) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# နှင့်
# အမျိုးသားရင်ကြားစေ့ရေး အတွေးအမြင်

"အမျိုးသား ရင်ကြားစေ့ရေးဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုပဲ၊ ယုံကြည်မှုက သိပ်အရေးကြီး ပါတယ်၊ တိုင်းပြည်အပေါ်မှာ စိတ်ကောင်း စေတနာ ကောင်းထားဖို့ လိုအပ်ပါတယ်။

ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့။

တိုင်းပြည်အပေါ် စိတ်ကောင်း စေတနာကောင်း ထားဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ကတော့

ကျွန်တော့်ယုံကြည်ချက် တစ်ခုရှိတယ်...

အဲဒါက ဘာလဲဆိုတော့...


တစ်အချက်ကတော့ စည်းလုံးညီညွတ်ရေး၊ တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီ(၃)ခုပေါ့။




www.burmeseclassic.com

www.burmeseclassic.com









ငြိမ်းချမ်းရေးကို မြတ်နိုးသည့် ကာကွယ်ရေးဦးစီးချုပ်

www.burmeseclassic.com

www.burmeseclassic.com







တိုင်းရင်းသား ခေါင်းဆောင်များနှင့် ကာကွယ်ရေးဦးစီးချုပ်

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စည်းလုံးညီညွတ်ရေးနဲ့တင် ငြိမ်းအေးချမ်းသာရေးဆိုတာ နှစ်ခုလုံးက ဆက်စပ်နေတာပဲ။

တည်ငြိမ်အေးချမ်းမှု မရှိဘဲ စည်းလုံးညီညွတ်ရေးဆိုတာ တော်တော် ခက်ပါတယ်။

ဒီလို စည်းလုံးညီညွတ်မှု မရှိဘဲ တည်ငြိမ်အေးချမ်းမှုဆိုတာ တော်တော်ခက်ပါတယ်။

အဲဒီအပေါ်မှာ ဒီနှစ်ခု စိတ်ချသွားလို့ ရပြီဆိုရင် ဖွံ့ဖြိုးတိုးတက်ရေးကို သွားလို့ရတယ်။

ဒါကို ကျွန်တော်တို့ အကုန်လုံး၊ တိုင်းရင်းသားအားလုံး ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံးရမယ့်ကိစ္စ ဖြစ်တယ်။

အမျိုးသား ရင်ကြားစေ့ကိစ္စ ဆိုတာကတော့ လိုအပ်ပါတယ်။

ဒါပေမဲ့ ယုံကြည်ချက်နဲ့ ကိုယ့်လုပ်ငန်းကို မှန်မှန်ကန်ကန် လုပ်သွားမယ်ဆိုရင် ရင်ကြားစေ့ဆိုတာ သူ့ဘာသာသူ ဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# (၁၃) ဗိုလ်ချုပ်မှူးကြီး၏ တိုင်းပြည်အင်အားနှင့် ပတ်သက်သည့် အတွေးအမြင်

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား နှစ်ပေါင်း(၁၅၀)ကျော် အုပ်စိုးခဲ့သည်။

သွေးခွဲအုပ်ချုပ်ရေးပေါ်လစီအရ လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းသောင်းကျန်းမှု၊ တိုင်းရင်းသားပဋိပက္ခတို့ ပေါ်ပေါက်ခဲ့သည်။

သို့သော် မြန်မာနိုင်ငံတွင် တိုင်းရင်းသားပဋိပက္ခရှိသော်လည်း လူမျိုးစုပဋိပက္ခမရှိ။

အချို့က နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား နယ်ချဲ့အုပ်စိုးခဲ့သဖြင့် တာဝန်ရှိသည်ဟု ယူဆပြောဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးကမူ...

**"၁၈၂၄ ခုနှစ်မှာ အရှေ့ဘင်္ဂလားနဲ့ ထိစပ်နေတဲ့ ရခိုင်ဒေသ၊ တနင်္သာရီဒေသဟာ အင်္ဂလိပ်ရဲ့ ကိုလိုနီ၊ ဗြိတိသျှရဲ့ကိုလိုနီ ဖြစ်ခဲ့တဲ့အတွက်ကြောင့် ၁၈၂၄ ခုနှစ်က**



www.burmeseclassic.com

www.burmeseclassic.com



စမယ်ဆိုရင် ၁၉၄၈–ခုနှစ်မှာ လွတ်လပ်ရေးရတဲ့အတွက် ကြောင့် ၁၂၄ နှစ်လောက် အင်္ဂလိပ်တွေရဲ့၊ ဗြိတိသျှတွေရဲ့ ကိုလိုနီ အပြုခံရတယ်လို့ ပြောလို့ရတယ်…

"ဒီကာလအတွင်းမှာ ဗြိတိသျှတွေဟာ ကျွန်တော်တို့ကို Divied and Rule ခွဲခြားအုပ်ချုပ်တဲ့ စနစ်နဲ့ တောင်တန်းဒေသမှာရှိတဲ့ တိုင်းရင်းသားတွေနဲ့ ပြည်မမှာရှိတဲ့ လူတွေကို သွေးခွဲအုပ်ချုပ်ခဲ့တာ သမိုင်းမှာ ငြင်းလို့မရပါဘူး၊ အဲဒီအကျိုးဆက်ကတော့ တစ်ယောက်နဲ့ တစ်ယောက် အထင်အမြင် လွဲမှားမှုတွေ ဖြစ်လာတာ တွေ့ရတယ်…

"ကျွန်တော်တို့ဆီမှာလည်း အဓိက တိုင်းရင်းသားလူမျိုးစု(၈)စုနဲ့ တိုင်းရင်းသားမျိုးနွယ်စု(၁၀၀)ကျော် ရှိတယ်။ သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ ကြည့်မယ်ဆိုရင် တိုင်းရင်းသား မျိုးနွယ်စုများနှင့် ပတ်သက်၍ စိစစ်ဆဲဖြစ်တာကြောင့် တိုင်းရင်းသား ဘယ်လောက်ရှိတယ်ဆိုတော့ အတိအကျပြောလို့ မရသေးဘူး…

"သို့သော် ယခင်စာရင်းအရဆိုရင် မျိုးနွယ်စုပေါင်း (၁၃၀)ကျော်လောက် ရှိတယ်။ ဒီတိုင်းရင်းသားတွေမှာလည်း ခံစားချက်မျိုးစုံ ရှိမှာပါ၊ ကျွန်တော်တို့ဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့မှာ လွတ်လပ်ရေးရတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ အချုပ်အခြာပိုင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တယ်…

"အဲဒီတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးနဲ့ ပတ်သက်တဲ့ ပြဿနာဟာ ကျွန်တော်တို့နိုင်ငံအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com


ပဲ တာဝန်ရှိတယ်၊ ဗြိတိသျှနဲ့တော့ မဆိုင်ဘူး၊ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာကို ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ဖြေရှင်းရမယ့် အခြေအနေရှိတယ်...

"ဗြိတိသျှမှာ တာဝန်ရှိသလားလို့ ပြောရင်တော့ တာဝန်ရှိတာပေါ့။ ပြောရရင် သူတို့လုပ်ခဲ့တဲ့ အကျိုးဆက်ကို ကျွန်တော်တို့ ခံစားနေရတာလေ၊ ဒါပေမဲ့လို့ ဒါကို ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုရင် တစ်ယောက်နဲ့ တစ်ယောက် အထင်မြင်လွဲမှားမှု မရှိအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်း ဆောင်ရွက်ပေးခြင်းအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်ရပြီ၊ တည်ငြိမ်အေးချမ်းမှု ရမယ်လို ကျွန်တော် ထင်တယ်...

"လက်ရှိ အခြေအနေမှာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူအရ နိုင်ငံအားလုံးနဲ့ မိတ်မပျက် ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးဆိုတဲ့ မူတွေနဲ့ နေထိုင်နေတယ်...

"ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ကတော့ ပြည်တွင်းရေးပြဿနာကို ပြည်ပရဲ့ဖိအားပေးမှုတွေ မပါဘဲနဲ့ ဖြေရှင်းဆောင်ရွက်နိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ နောက်ပြီး ဗြိတိသျှတစ်ဦးတည်း တာဝန်ရှိတယ် ဆိုတာက သူတို့က ကျွန်တော်တို့ နိုင်ငံကို ကိုလိုနီပြု အုပ်ချုပ်ခဲ့လို့ပါ။

ဒါပေမဲ့ အခုအချိန်မှာ သူတို့အပါအဝင် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကျွန်တော်တို့ နိုင်ငံကို မှန်ကန်တဲ့ ပုံမီး


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကနေ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဝိုင်းဝန်းကူညီမယ် ဆိုရင် ကောင်းပါတယ်...

"သို့သော်လည်း တကယ်တမ်း ဆိုရရင် တိုင်းပြည် တစ်ခုရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိတယ်ဆိုတဲ့ အယူအဆ ကျွန်တော့်မှာ ရှိတယ်၊ ဒါကြောင့် အမိက,ကတော့ ပြည် တွင်းကလူတွေ အားလုံး ညီညာစွာ ပူးပေါင်းဖြေရှင်းကြ မယ်ဆိုရင် အားလုံးကို ကျော်လွှားနိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်"

ဟု တည်ငြိမ်ပြတ်သားစွာ ပြောဆို ညွှန်ပြသွားခဲ့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



# (၁၄) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှု အတွေးအမြင်

ဗိုလ်ချုပ်မှူးကြီးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေး အမှန်တကယ် လိုအပ်သည်ဟု ခံယူသည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က...

"တိုင်းပြည်ဖွံ့ဖြိုးတည်ငြိမ်ဖို့ကတော့ လက်နက်ကိုင် ပဋိပက္ခပပျောက်မှ ဖြစ်မှာပါ၊ ဒါကြောင့် တပ်မတော်အနေနှင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ဖြစ်နိုင်သမျှ ကြိုးပမ်းနေတာပါ...

"တောင်းဆိုမှု မှန်သမျှကိုလည်း တတ်နိုင်သမျှ လိုက် လျောနေပါတယ်...

"အဓိက,က တိုင်းပြည် တည်ငြိမ်အေးချမ်းပြီးတော့မှ ဖွံ့ဖြိုးတိုးတက်စေချင်တာ ကျွန်တော် အလိုလားဆုံး ဆန္ဒ ပါပဲ၊ ဒါကို တတ်နိုင်သမျှ လိုက်လျောခဲ့လို့လည်း လက် နက်ကိုင် အပစ်အခတ် ရပ်စဲရေး မူကြမ်း လက်မှတ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ အဆင့်ရောက်ခဲ့ပြီ။ ပြီးမှ ဆွေးနွေးရမယ့်ကိစ္စ ဆက်ဆွေးနွေးရမယ်။

"အရေးအကြီးဆုံးက လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းပဲ။

ဟု ပြောသည်။

မှန်သည်။ စင်စစ် မြန်မာ့နိုင်ငံတွင်သာ မဟုတ်။ ကမ္ဘာ့အရပ်ရပ်၌လည်း လက်နက်ကိုင် ပဋိပက္ခဖြစ်တဲ့ နိုင်ငံတွေ ရှိသည်။

နိုင်ငံတကာမှာ လုံခြုံရေးဆိုင်ရာ ပေါင်းစည်းခြင်းလုပ်ငန်း ေစာစီးစီး လုပ်နိုင်တဲ့ နိုင်ငံတွေ ရှိတယ်။ ဒါဟာ ထာဝရငြိမ်းချမ်းရေးနိဒါန်း ဖြစ်သည်။

သို့သော် ဖြေရှင်းဆဲ နိုင်ငံတွေလည်း ရှိသည်။

သူက...

"ကျွန်တော်တို့ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူ (၆)ချက် ပေးထားတယ်။ ဒီမူခြောက်ချက်ကို သူတို့တလေးတစား လုပ်တာတွေ့ရတယ်။ ကျွန်တော်တို့က ဒီငြိမ်းချမ်းရေးမူ (၆)ချက်ကို အတိအကျ လုပ်ရမယ်လို့ မပြောဘူး၊ အလေးထား ဆောင်ရွက်ဖို့ပဲ ပြောတာ...

"တချို့က ဒါကို သိပ်အလေးမထားချင်ဘူး။ တချို့ကျတော့ အလေးထား ဆောင်ရွက်တယ်၊ ဒါဟာ ကောင်းမွန်တဲ့ လက္ခဏာပါ၊ ဒါက တစ်ခုပေါ့၊ နောက်တစ်ခုက လော်စီးလာ ဆွေးနွေးပွဲ လုပ်တဲ့အခါကျတော့ တချို့က NCA နဲ့ပတ်သက်လို့ စောဒကတက်တဲ့ အသံတွေ ပြန်ကြားတယ်၊ ကျွန်တော်တို့လည်း စောင့်ကြည့်နေတဲ့ အနေအထားမှာ ရှိတယ်...



www.burmeseclassic.com

www.burmeseclassic.com



"တချို့တိုင်းရင်းသားတွေက သူတို့ရထားတဲ့အာဏာ၊ အခွင့်အရေးနဲ့ အုပ်ချုပ်မှုနဲ့ ပတ်သက်တဲ့ အခွင့်အရေး အာဏာတွေ စွန့်လွှတ်ဖို့ ဝန်လေးနေပုံရတယ်၊ ဒါကြောင့် ဒီအပေါ်မှာ သူတို့ရသလောက် တောင်းဆိုတာတွေ လုပ်တယ်...

"တရားမဝင်တဲ့ အခွင့်အရေး တောင်းဆိုရင် ကျွန်တော်တို့ လိုက်လျောပေးလို့ မရဘူး၊ ဒါတွေက ကျွန်တော်တို့ ဖြေရှင်းရတဲ့ ကိစ္စတွေကို ပြောချင်တယ်၊ အရေးကြီးတဲ့ အဓိက အချက်က ငြိမ်းချမ်းရေး တကယ်လိုချင်ရင် ငြိမ်းချမ်းရေးလိုချင်တဲ့စိတ် ရှိဖို့လိုတယ်၊ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်တဲ့အတွက် လက်နက်ကိုင်ပဋိပက္ခကိုတော့ ဘယ်နည်းနဲ့မှ ဖန်တီးပေးလို့ မရနိုင်ဘူး၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ဥပဒေနဲ့အညီ သွားတဲ့ လမ်းကြောင်းအတိုင်း သွားရမယ်လို့ ကျွန်တော် ပြောချင်တယ်၊ တရားမဝင်လုပ်တဲ့ အခါမျိုးကျတော့ အစိုးရအနေနဲ့ ဘယ်လိုမှ ခွင့်ပြုပေးလို့မရဘူး၊ သက်ဆိုင်ရာဒေသကပေးတဲ့ အာဏာဆီပဲ သွားရမယ်၊ သွားပါလို့ ပြောချင်ပါတယ်"

မှန်သည်။

ဒီကနေ့ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပြောနေကြသော်လည်း တစ်ဦးနှင့်တစ်ဦး တူမည်မဟုတ်။

တပ်မတော်ဘက်ကမူ ထာဝရငြိမ်းချမ်းရေး လိုချင်သည်မှာ အဓိက ဆန္ဒဖြစ်သည်။

လိုလားချက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် တပ်မတော်ဟာ စစ်တိုက်နေသည်မှာ ငြိမ်းချမ်းရေး အတွက်ပင် ဖြစ်သည်။

ငြိမ်းချမ်းရေး လိုချင်သည်ဆိုလျှင် ခေတ်ကို ကြည့်ရမည်။ ကိုယ် သွားနေသည့်လမ်းကို ကိုယ်ကြည့်ရမည်။

ဒီကနေ့ သွားနေကြသည်က ပါတီစုံလမ်းကြောင်း ဖြစ်သည်။

ဒီလမ်းကြောင်း သွားနေသဖြင့် ဒီမိုကရေစီနည်းကျ၊ စနစ်တကျ လုပ်ရမည်။

မြန်မာနိုင်ငံတွင်ကား စစ်အုပ်ချုပ်ရေး မဟုတ်။

တစ်ပါတီစနစ်လည်း မဟုတ်။

ပါတီစုံဒီမိုကရေစီစနစ် ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေနှင့် ငြိမ်းချမ်းရေး လိုချင်စိတ် တကယ် ရှိဖို့ လို သည်။

ဒီမိုကရေစီလမ်းကြောင်းပေါ် တကယ်သွားချင်သည့်ဆန္ဒ ရှိဖို့ လို သည်။

"ဒီအချိန်မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ အနေနဲ့ အာဏာတချို့တစ်ဝက် ထိန်းထားချင်တယ်ဆိုတဲ့ဆန္ဒ အခွင့်အရေးတွေ မရှိသင့်တော့ဘူး... အပစ်အခတ်ရပ်စဲကြပါ၊ ဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်လှမ်းပါ၊ ဥပဒေနဲ့ အညီ လုပ်ပါ"

ဟု ဆိုသည်။

ယနေ့အခြေအနေတွင် တပ်မတော်သည် ဥပဒေနှင့်အညီ ကျင့်သုံး နေသည်။

ထို့ကြောင့် အပြန်အလှန် ယုံကြည်မှုရှိမည်၊ ငြိမ်းချမ်းရေး အမှန် လိုချင်စိတ် ရှိမည်ဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေနှင့်အညီ လုပ်မည်ဆိုလျှင် ကျိန်းသေ ငြိမ်းချမ်းရေး ရလိမ့်မည်။

ငြိမ်းချမ်းရေးကိစ္စရပ် ဆိုတာ ငြိမ်းချမ်းစွာ ဖြေရှင်းရင် ရှောရှောရှုရှု ဖြစ်သွားမည်မှာ ဧကန်ဖြစ်သည်။

မျိုးချစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# (၁၄) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# နှင့်
# ကိုးကန့်ဒေသတိုက်ပွဲ

စင်စစ် ကိုးကန့်ဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်ပေ သည်။

ဥပဒေနှင့်အညီ ခွင့်ပြု၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လမ်း ညွှန်ထားသော်လည်း တားမြစ်ချက်၊ ကန့်သတ်ချက်ကို ကျော်လွန်ခြင်း စည်းမျဉ်းစည်းကမ်း ဥပဒေကို ချိုးဖောက်ခြင်းတို့ကြောင့် ဖေဖော်ဝါရီ ၌ ကိုးကန့်ဒေသရှိ လက်နက်ကိုင်အဖွဲ့အစည်းနှင့် တပ်မတော်တို့ တိုက် ပွဲများ ဖြစ်ပွားခဲ့သည်။

ကိုးကန့်အဖွဲ့ကို MNDAA ဆိုရမည်။

ထိုကိုးကန့်ဒေသ လက်နက်ကိုင်အဖွဲ့၏ သမိုင်းကြောင်းကို စစ် လေ့လာလျှင် ထိုအဖွဲ့သည် မြန်မာပြည်ကွန်မြူနစ်ပါတီမှ ပေါက်ဖွားလာသည့် အဖွဲ့ဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့မြောက်ဒေသတွင်ရှိသည့် ကွန်မြူနစ်ပါတီ ၁၉၈၉ ခုနှစ်၌ အခြေယိုင်သွားချိန်။

ကိုးကန့်အဖွဲ့က မုန်းကိုးဌာနချုပ်အား သိမ်းပိုက်ရာမှ စခဲ့သည်ဆိုရမည်။

ထိုအချိန်က ကိုးကန့်အဖွဲ့ကို ဦးဆောင်သူက "ဖုန်ကြားရှင်"ဖြစ်သည်။

စင်စစ်မူ ဖုန်းကြားရှင်၏ ကိုးကန့်အဖွဲ့သည် ကွန်မြူနစ်ပါတီ၏ အဖွဲ့ခွဲတစ်ခုလည်း ဖြစ်၏။

ယခင်က ကွန်မြူနစ်ပါတီမှ ခွဲထွက်အဖွဲ့ဖြစ်၏။

ကွန်မြူနစ်ပါတီ၏ အမာခံတွေပင်။

သူတို့က အရှေ့မြောက် လောက်ကိုင်ဒေသအား စီမံခန့်ခွဲရန် တာဝန်ပေးထားသဖြင့် ပေးထားသည့် အခွင့်အာဏာအတွင်း လုပ်ခဲ့သည့် အဖွဲ့ဟု ဆိုရမည်။

သူတို့က ဥပဒေနှင့်အညီ မဟုတ်ဘဲ ဥပဒေ ဖောက်ဖျက်ကျူးလွန်မှုတွေ ရှိသဖြင့် တာဝန်ရှိသူတွေက သွားရောက် ဆွေးနွေးခဲ့သည်။

၂၀၀၈၊ ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ မူးယစ်ဆေးဝါးနှင့် တရားမဝင်လက်နက်တိုက် ဆောက်လုပ်မှု ရှိသည်ဟု သတင်းထွက်သည်။

ထို့ကြောင့် တပ်မတော်မှ သွားရောက်ရှင်းလင်းခဲ့သည်။

မူးယစ်ဆေးဝါးအပြင် လက်နက်စက်ရုံနှင့် လက်နက်ထုတ်လုပ်ခြင်း ကျည်ဆန်ထုတ်လုပ်ခြင်းများ တွေ့ရသည်။

သိမ်းဆည်းခဲ့သည်။


ထိုစဉ်က ဤနယ်မြေ၏ တာဝန်ရှိသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





သိမ်းဆည်းရမိသည့် ရန်သူ၏လက်နက်ခဲယမ်းများ




ရန်သူ့လက်နက်ပစ္စည်းများနှင့် အောင်ပွဲခံ တပ်မတော်သားများ

www.burmeseclassic.com

www.burmeseclassic.com







တပ်မတော်သားတို့အတွက် အစဉ်အလေးထား ဂရုစိုက်နေသည့်
ဗိုလ်ချုပ်မှူးကြီးနှင့် ဗိုလ်ချုပ်မှူးကြီးကတော်

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမဖြစ်ခင် ကျွန်တော်တို့က ပြေလည်စွာ ဆွေးနွေးတယ်၊ ဒီနယ်မြေမှာ ဒါတွေမလုပ်ဖို့ မေတ္တာရပ်ခံခဲ့တယ်၊ သူတို့ နားမထောင်ဘူး၊ တာဝန်ရှိ ရဲဘော်တွေကို သတ်ပစ်ခဲ့တယ်၊ ဒါကြောင့် ကျွန်တော်တို့က မလွဲမသွေ ဥပဒေနဲ့အညီ ဆောင်ရွက်ရတယ်"

ဟု ဗိုလ်ချုပ်မှူးကြီးက ရှင်းပြသည်။

ပြီးနောက် ဗိုလ်ချုပ်မှူးကြီးက…

"ဒီလို ဥပဒေနဲ့အညီ လုပ်ရတာက လက်နက်ကိုင်ပဋိပက္ခ မကြီးထွားစေချင်လို့ပဲ၊ ဒီတော့ သူတို့ ထွက်ပြေးကြတယ်၊ ပြီးတော့ ဒီနယ်မြေကို ပြန်လိုချင်တဲ့အခါ သူတို့ဟာ ဥပဒေနဲ့အညီ မဟုတ်ဘဲ ဥပဒေအပြင်က နယ်မြေပြန်ရဖို့ ကြိုးစားခဲ့ကြတယ်"

ဟု ရှင်းသည်။

ထို့နောက်… "အဲဒီအချိန်မှာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ" ဒီဒေသမှာ ဥက္ကဋ္ဌအဖြစ် "ဦးပယ်ဘောက်ချိန်" ဦးစီးတဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသကို ရွေးချယ်ခဲ့သည်။

ဒါက အစိုးရ၏ အစိတ်အပိုင်းတစ်ခု ဖြစ်၏။ ဒါက သူတို့က တိုက်ခဲ့သဖြင့် ပြဿနာဖြစ်ရခြင်းဟု ဆိုရမည်။

အဓိကသည် ဖုန်ကြားရှင်နှင့် ကိုးကန့်အဖွဲ့ အာဏာပြန်လိုချင်သဖြင့် ဖြစ်သည်။

ထို့ကြောင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားဟု ပြော၍မရ။

သူတို့အကျိုးစီးပွား ဖြစ်သည်။

ကိုးကန့်နှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီးက…

"ပြောရရင် တရုတ်အစိုးရ အနေနဲ့ တိုက်ရိုက် အကူအညီပေးတာ မဟုတ်ဘူး၊ ဒီအနေအထားမျိုး မတွေ့ရဘူး၊ အောက်ခြေမှာ ကူညီတဲ့လူမျိုး အကူအညီတော့ ရကောင်း ရမယ်၊ Government နဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူးလို့ ကျွန်တော် ထင်တယ်၊ ပုန်းလျှိုးကွယ်လျှိုးတော့ လုပ်ချင် လုပ်မှာပေါ့၊ ဒါ ပြောလို့ မရဘူး"

ဟု ရှင်းပြသည်။

မည်သို့ဆိုစေ လောက်ကိုင်တိုက်ပွဲများ အကြောင်းကို အသေအချာ စူးစမ်းမည်ဆိုလျှင် တပ်မတော်သည် ယခင်နှင့် မတူတော့၊ ခေတ်မီ တပ်မတော် ဖြစ်နေပြီ။

စစ်စွမ်းရည် ထက်မြက်သည်ထက် ထက်မြက်လာပြီဟု သုံးသပ် ရမည်။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၁၅) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# နှင့်
# ရခိုင်ပြည်နယ်အရေး အမြင်

ရခိုင်ပြည်နယ်နှင့် ရိုဟင်ဂျာကိစ္စ၊ ဘင်္ဂါလီအရေးသည် စိတ်မအေးစရာဖြစ်သည်။

တဖြည်းဖြည်း ရှုပ်ထွေးလာသော၊ ဖြေရှင်းရခက်သော၊ အကဲဆတ်သည့် အရေးအဖြစ် ရှုမြင်နေသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကမူ…

"ရခိုင်အကြောင်းကိုပြောလျှင် ဘင်္ဂါလီအကြောင်းလည်း ပါလာခဲ့တယ်။ ဘင်္ဂါလီဟာ တိုင်းရင်းသား မဟုတ်သော်လည်း ရခိုင်ပြည်နယ်၌ ရှိနေသည့် လူ့အဖွဲ့တစ်ခု ဖြစ်နေတယ်။ ခက်သည်က ရခိုင်ပြည်နယ်၌ ရှိနေသည့် ဘင်္ဂါလီတို့သည် နှစ်မျိုးရှိတယ်၊ တစ်မျိုးက ဘင်္ဂလားဒေ့ရှ်က ပြေးလာသူတွေ၊ ဒီပြဿနာသည် ဒီကနေ့ မလေးရှားနိုင်ငံမှာလည်း ဖြစ်နေတယ်၊ ဒါပေမဲ့ ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာတွေက ပြေးလာသူတွေအတွက် တစ်ဖက်နိုင်ငံပြဿနာ ပဲ ဖြစ်တယ်”

ဟု ရှင်းပြသည်။

သူတို့ပြဿနာကို သူတို့ရှင်းရမည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံအား ဗြိတိသျှတို့ ကိုလိုနီပြုစဉ်က လယ်လုပ်ဖို့ ခေါ်ရလာသူတွေဖြစ်သည်။ အများစုက ရခိုင်ပြည်နယ်၌ ရှိကြသည်။

ပြောရလျှင် ထိုလူများသည် ဒီကပေါက်ဖွားလာသူတွေ ဖြစ်သလို စည်းမရှိ ကမ်းမရှိ ဝင်လာကြသူတွေလည်း ဖြစ်သည်။

“အဓိကပြောရရင် ဘင်္ဂါလီဟာ ကျွန်တော်တို့ တိုင်းရင်းသား မဟုတ်ဘူး၊ တိုင်းရင်းသား မဟုတ်တဲ့အတွက် တိုင်းရင်းသားတွေ ရတဲ့ အခွင့်အရေးတွေရဖို့ မလိုဘူး ရစရာအကြောင်း မရှိဘူး”

ဟု ပြောသည်။

သို့သော် မြန်မာနိုင်ငံအနေနှင့် လူသားချင်း စာနာသည့်အနေနှင့် ကူညီစောင့်ရှောက်ပေးခဲ့သည်။

ပိုင်ဆိုင်ခွင့်မူ သူတို့တွင်မရှိ။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေနှင့် ဥပဒေအရသာ ဆောင်ရွက် သွားမည်ဖြစ်သည်။

သည့်အတွက် သူတို့က ဥပဒေအရ နေထိုင်နိုင်ဖို့ အရေးကြီးသည် ဒါကို သတိချပ်ရမည်။

ဒီနေရာတွင် အရေးကြီးသည်က ဘယ်သူပဲဖြစ်ဖြစ်၊ တိုင်းရင်းသား ပဲဖြစ်ဖြစ် ဥပဒေနှင့်အညီ နေထိုင်ဖို့ အရေးကြီးသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ဥပဒေတွေ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် ဥပဒေနှင့်အညီ ဆုံးဖြတ်ပြီး ဆောင်ရွက်ရမည်ဖြစ်၏။

အရေးကြီးသည်မှာ ကိုယ့်တာဝန် ကိုယ်သိဖို့ဖြစ်သည်၊

ယင်းကိစ္စနှင့် ပတ်သက်၍ ဒီကိစ္စကိုဖြေရှင်းဖို့ သူတို့တွင်လည်း တာဝန်ရှိသည်။

ထို့အတူ သက်ဆိုင်ရာတွေက ဒီအပေါ်မှာ လက်ခံနိုင်ဖို့ အရေးကြီးသည်ဟု နားလည်ရမည်။

ဒီလို ဥပဒေနှင့်အညီ နေထိုင်ကြဖို့လည်း လိုအပ်သည်။ မြှောက်ထိုးပင့်ကော်လုပ်ဖို့၊ တည်ငြိမ်မှု ပျက်ပြားအောင်လုပ်ဖို့ အသိရှိရှိနှင့် အားလုံးဝိုင်းပြီး လုပ်ရမည်။

တစ်ဖက်ကလည်း သူတို့နဲ့ ပတ်သက်လို့ ဥပဒေပြဋ္ဌာန်းချက်တွေ ရှိသည်။

ကုလသမဂ္ဂပြဋ္ဌာန်းချက်ဖြစ်သလို အားလုံး အလေးအနက်ထား ဆောင်ရွက်ဖို့လိုသည်။

✤


www.burmeseclassic.com

www.burmeseclassic.com



# (၁၆) ကာကွယ်ရေးဦးစီးချုပ်၏ ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘောထားအမြင်

မြန်မာနိုင်ငံမှာက ခက်သည်။ တကယ့် ပကတိကိုကျ ဘေးပြော စကားကို ယုံသည်။ တပ်မတော်က ဥပဒေနှင့်အညီ ဆောင်ရွက်နေသည် ကိုပင် သင်းသပ်သည်။ နှိပ်ကွပ်သည်ဟု ပြောသည်။

ချစ်ပြီဆိုရင် အပြစ်မမြင်တတ်သည့် လူမျိုးမှာ မြန်မာလူမျိုးဖြစ် သည်။ ယခု မြန်မာနိုင်ငံက ဤသို့ဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီးက ရှင်းသည်ဟု ဆို ချင်သည်။

"ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးအမြင်နဲ့ ပြောရရင် ခက် တယ်၊ လူတစ်ယောက်ကို ကျွန်တော့်အမြင်နဲ့ ပြောရရင် ခက် တယ်၊ နောက်တစ်ခုက ဒေါ်အောင်ဆန်းစုကြည်ဟာ ကျွန်တော် တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဖြစ်တဲ့အတွက် လူသိများသူတစ်ဦး ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com







ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာနိုင်ငံသား ဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ ပေးထားတဲ့ အခွင့်အရေး ရထားသူလည်း ဖြစ်တယ်။ သူ့အတွေ့အကြုံအပေါ် မူတည်ပြီး တိုင်းပြည်အပေါ် ဆောင်ရွက်နိုင်တာတွေ၊ ပေးဆပ် နိုင်တာတွေကို ဆောင်ရွက်နေတယ်လို့ မြင်တယ်၊ သူဟာ နိုင်ငံ သားတစ်ယောက်ဖြစ်တဲ့ အတွက်ကြောင့် သူ့မှာ ဆောင်ရွက်ပိုင် ခွင့်တွေ ရှိတယ်၊ နိုင်ငံသားတစ်ယောက် အနေနဲ့ ဆောင်ရွက်မယ် ဆိုရင် တိုင်းပြည်အတွက်လည်း အထောက်အကူ ရမှာဖြစ်တယ် သူ့မှာလည်း ဒီအခွင့်အရေးတွေ ရှိတဲ့အတွက်ကြောင့်လို့ ကျွန် တော် ထင်တယ်၊ သူဟာ တိုင်းပြည်အတွက် အကျိုးရှိမယ့်သူ တစ်ယောက်လို့ ထင်တယ်"

ဟု သုံးသပ်ပြောဆိုခဲ့သည်။

တကယ်တော့ ဗိုလ်ချုပ်မှူးကြီးသည် တိကျမှန်ကန်သူ၊ တိုင်းပြည် နှင့် လူမျိုးမျက်နှာကိုသာ ကြည့်သူ ဖြစ်သဖြင့် အရာရာတွင် ချစ်ခြင်း မုန်းခြင်းကင်းစွာ ဆက်ဆံသည်။

ရွေးကောက်ပွဲမတိုင်မီက ဆက်ဆံရေးနှင့် ဒီကနေ့ ရွေးကောက်ပွဲ အောင်နိုင်ပြီး သူ့ပါတီက အစိုးရဖွဲ့နိုင်တော့လည်း မတူကွဲပြားမှု မရှိ။

တပ်မတော်သည် အမျိုးသားရေးကို သစ္စာမဖောက်သလို နိုင်ငံ နှင့် လူမျိုးအကျိုးကိုသာ ရှေ့ရှုသည့် အဖွဲ့အစည်းဖြစ်ကြောင်း သက်သေ ပြခဲ့သည်။

တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို စောင့်ထိန်းရသည့် အဖွဲ့အစည်း ဖြစ်သည်နှင့်အညီ စည်းကမ်း တကျ ဥပဒေနှင့်အညီ ချစ်ခြင်း မုန်းခြင်း ကင်းစွာ နေသည်ကို တွေ့ရ သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



# (၁၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# နှင့်
# အနာဂတ် နိုင်ငံရေးတာဝန်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တွေ့ဆုံ မေးမြန်းခန်း တစ်ခု၌ နိုင်ငံရေးထဲ ဝင်, မဝင် မေးသည်။

နိုင်ငံရေးလုပ်မည်လား။

နိုင်ငံရေးသမားတစ်ဦး ဖြစ်လာဖို့ ကာကွယ်ရေးဦးစီးချုပ်အနေနှင့် ဘယ်လိုအခြေအနေမျိုး လိုအပ်သလဲ စသည်ဖြင့် ဖြစ်သည်။

သို့သော် သတိသမ္ပဇဉ်အရာတွင် ခိုင်မာသူ ဖြစ်သလို တည်ငြိမ်မှု ရှိသည်။

ဗိုလ်ချုပ်မှူးကြီးက လက်ရှိ တာဝန်ထမ်းဆောင်သည့် အပိုင်းက ဘယ်လောက် အရေးကြီးသည်ကိုပဲ ပြောသည်။

ဒါအဓိကဆိုသည့် အသိသည် မှန်ကန်သောအသိ ဖြစ်သည်။

"ကျွန်တော်တို့ဟာ ခုမှ ပြုပြင်ပြောင်းလဲရေးပိုင်းကို သွားနေတယ်လို့ ဆိုရမယ်၊ ဒီမှာ တာဝန်ကြီးတယ်၊ တပ်မတော်ရဲ့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုအပိုင်း တာဝန်ကြီးသလို၊ ပြည်သူကလည်း ယုံကြည်မှု လိုတယ်”

ဟု ပြောသည်။

မှန်ပေသည်။

တပ်မတော်အနေနဲ့ နိုင်ငံကာကွယ်ရေး စွမ်းအားပြည့် ဆောင်ရွက်နိုင်ဖို့ လိုသည်ကိုလည်း ကာကွယ်ရေးဦးစီးချုပ်က နားလည်သည်။

“တပ်မတော်က ကမ္ဘာ့စံချိန်၊ ကမ္ဘာ့နိုင်ငံများနဲ့ စံချိန်မီတဲ့ တပ်မတော်တစ်ရပ်ဖြစ်ဖို့ ကာကွယ်ရေးစွမ်းအားပြည့် ဆောင်ရွက်နိုင်ဖို့ တာဝန်ရှိတယ်”

ဟု ပြောသည်။

စင်စစ် ဤသည်မှာ အမှန်တရား ဖြစ်သည်။ ဤသုံးချက်အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဓိက ဦးစားပေး ဆောင်ရွက်ရမည်။

ယင်းတာဝန်တွေအပေါ် ရှုကြည့်ပြီး တိုင်းပြည်၏ အခြေအနေကို သုံးသပ်ကြည့်ရ၏။

တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေလည်း မချုပ်ငြိမ်းသေးသဖြင့် စဉ်းစားနေရသည်။

“နိုင်ငံရေးဘက်သွားရင် ဒါတွေ လျော့သွားမယ်၊ ကိုယ်တာဝန်ယူနေစဉ်ကာလမှာ တာဝန်မေ့သွားမှာ စိုးတယ်၊ တာဝန်ကြီးမားမယ့် တာဝန်ကျေချင်တယ်၊ ဒါပေမဲ့ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးနှင့် ဖြစ်ပျက်နေတဲ့ အပြစ်အပျက်အပေါ် ကြည့်ဆုံးဖြတ်နေရတယ်”

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစားယူခြင်းနှင့် ပတ်သက်၍မူ… –

"ဒီနှစ် အငြိမ်းစားယူမယ် ဆိုတာတော့ မဟုတ်ဘူး၊ စစ်သား တစ်ဦးရဲ့တာဝန်ကိုက တိုင်းပြည်ရဲ့ အကျိုးစီးပွားကို ကျရာနေ ရာက တာဝန်ထမ်းဆောင်ဖို့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တာဝန် ထမ်းဆောင်ဖို့ တာဝန်ရှိတယ်၊ တိုင်းပြည်ကောင်းကျိုးနဲ့ ပြည်သူ တောင်းဆိုချက်အတိုင်း ရှိမယ်၊ ပြဋ္ဌာန်းချက်ကို ကျွန်တော် ကျော် မလုပ်ဘူး၊ ကျော်လုပ်လို့ မရဘူး"

ဟု ပြောသည်။

မှန်သည်။

ဗိုလ်ချုပ်မှူးကြီးက စိတ်ကူးယဉ်သူ မဟုတ်၊ ဥပဒေအရ လုပ်သူ ဖြစ်သည်။

အချိန်ကာလ အခြေအနေနှင့် ဖြစ်သင့် ဖြစ်ထိုက်သည် ဆိုလျှင် တိုင်းပြည်နှင့် လူမျိုး ကောင်းစားရေးအတွက် လုပ်ဆောင်မည့်သူ ဖြစ် သည်။

မှန်သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အနာဂတ် နိုင်ငံတော်တွင် တိုင်းပြည်အကျိုးရှိမည့် ကိစ္စဆိုလျှင် တိုင်းပြည်အကျိုးကောင်းအောင် လုပ်မည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။

ဘယ်နေရာတွင်ဖြစ်ဖြစ် တိုင်းပြည်အကျိုးရှိမည်ဆိုလျှင် လုပ်မည့် ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

သို့သော်…

ဗိုလ်ချုပ်မှူးကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဘဝတွင် နိုင်ငံတကာအဆင့်မီ တပ်မတော်ဖြစ်အောင် စွမ်းဆောင်ကြိုးစား လုပ် ဆောင်မည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေး လုပ်ဖို့ မလုပ်ဖို့ ဆိုသည်ကိုမူ အငြိမ်းစားယူပြီးသည့် ချိန်ကျမှ ဆုံးဖြတ်မည်ဟု ပြတ်သားစွာ ပြောခဲ့သည်။

✤



www.burmeseclassic.com

www.burmeseclassic.com

န်အရေးသုံးပါးကို ထိပါးနောက်ယှက်လာပါက မည်သူ့မျက်နှာမှ ထောက်မည်မဟုတ်ကြေ
တပ်မတော်၏ ခိုင်မာသည့် ရပ်တည်ချက်နှင့် ဦးတည်ချက်များကို တိကျပြတ်သားစွာ ဆောင်
ည်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၃)

# ပြည်သူအတွက် ထာဝရ မျက်စိဖွင့်ထားသူ

www.burmeseclassic.com

www.burmeseclassic.com





အမျိုးသားရင်ကြားစေ့ရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်
နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com


ကာကွယ်ရေးဦးစီးချုပ်နှစ်ဦး
နှင့်
အာဇာနည်နေ့ အခမ်းအနား



(၁၇)နှစ်မြောက် အာဇာနည်နေ့ လွမ်းသူပန်းခွေချနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မြို့တွင် ကျင်းပသော ၆၉ နှစ်မြောက် အာဇာနည်နေ့
အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
အမေရိကန်သံအမတ် သုံးခဲ့သော လူမျိုးအမည်ကို
လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်သံအမတ် သုံးနှုန်းခဲ့သော လူမျိုးမှာ မြန်မာနိုင်ငံ၌ လုံးဝမရှိကြောင်း၊ လက်လည်း မခံနိုင်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်တွင် မေလ ၁၃ ရက်၌ သတင်းမီဒီယာများကို ပြောကြားလိုက်သည်။

အမေရိကန်သံအမတ် သုံးနှုန်းသော လူမျိုးအမည်နှင့် ပတ်သက်၍ မြန်မာနိုင်ငံသားအားလုံးက လက်ခံထားခြင်း မရှိသည့်အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်းတိုင်းရင်းသား ၁၃၅ မျိုးသာ ရှိထားကြောင်း၊ ယင်းလူမျိုးအမည် မရှိကြောင်း ယမန်နှစ်ကလည်း အတိအလင်းပြော ကြားထားပြီး ဖြစ်သည်ဟု တပ်ချုပ်က ဆိုသည်။

"အရင်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တုန်းကလည်း အဲဒီလူမျိုး မရှိဘူးလို့ အတိအလင်း ပြောထားပြီးသား၊ မြန်မာနိုင်ငံမှာ အဲဒီလူမျိုး မရှိပါဘူး၊ ဘင်္ဂါလီကတော့ ရှိတယ်။ ဘင်္ဂါလီ ဆိုတာက ဘင်္ဂလားဒေ့ရှ် ကနေ လာလို့ လွယ်လွယ်ကူကူနဲ့ခေါ်တာ"

ဟု တပ်ချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောသည်။

၁၈၂၄ ခုနှစ်က ဘင်္ဂါလီများကို မြန်မာနိုင်ငံသို့ ဗြိတိန်အစိုးရက ခေါ်သွင်းလာခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်၌ ပျံ့နှံ့သွားခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

အမည် လိမ်ထားသော လူမျိုးအမည်၏ **စာစ်မြစ်သည် ရိုဟာစ် ဆိုသည့် စကားလုံးမှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်ကာ ရိုဟာစ်မှတစ် ဆင့် မူလဒေသနှင့် အဝေးရောက်သွားသူများကို နောက်မှ ဂျာ ဟုသော တစ်လုံးထည့်၍ အဆိုပါ အမည်လိမ်လူမျိုး ဖြစ်လာခြင်း**ဟု တပ်ချုပ်က ပြောသည်။

အထူးသဖြင့် **ဝန်ကြီးချုပ်ဟောင်း ဦးနု လက်ထက်က မဲရှုရေး အတွက် အဆိုပါအမည်ကို ခေါ်တွင်ပေးခဲ့ရာမှ မြန်မာနိုင်ငံ၌ ရှိသည်ဟု**



www.burmeseclassic.com

www.burmeseclassic.com



**တစ်စိုက်မတ်မတ် ပြောဆို၍ တိုင်းရင်းသား အဆင့်ကိုပါ တောင်းဆိုလာကြခြင်း ဖြစ်ကြောင်း** ဆိုသည်။

"**တကယ်တမ်းတော့ တရားမဝင်ပါဘူး၊ ရှိလည်း မရှိပါဘူး၊** အမေရိကန်သံအမတ်ကြီး သုံးနှုန်းတာနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးနဲ့ တွေ့ချိန်မှာ ကာကွယ်ရေးဝန်ကြီးကလည်း ပြောပြလို့ သူ့အနေနဲ့ လက်ခံတဲ့ သဘောမှာရှိတယ်။ **ဒီနိုင်ငံမှာရှိတဲ့ လူတွေ လက်မခံတဲ့ အသုံးအနှုန်းကို မသုံးသင့်ဘူးလို့ ပြောတာ**"ဟု တပ်ချုပ်က ဆက်လက်ပြောကြားသည်။

ပကတိရှိနေသော မြန်မာပြည်သူများအားလုံးက လက်ခံမထားသည့် အဆိုပါနာမည်ကို ဝေဝါးသွားစေရန် အမေရိကန်က မလုပ်သင့်ကြောင်းလည်း ပြောကြားခဲ့သည်ဟု ဆိုသည်။

> "နိုင်ငံသား ဥပဒေအရလည်း ရှင်းလို့ရတာ ဖြစ်သလို မေးခွန်းကို ဖြေရရင်တော့ ကျွန်တော်တို့အနေနဲ့ ဘင်္ဂါလီဆိုတာကိုပဲ လက်ခံထားပြီး အဲဒီလူမျိုးအမည်ကတော့ လက်မခံပါဘူး၊ ရှိလည်း မရှိပါဘူး"
>
> ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



## မည်သူမဆို မိမိဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို အစွန်းရောက်သော လုပ်ဆောင်မှုမျိုး မဟုတ်ဘဲ မျှတစွာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရန် လိုကြောင်း

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြား

မည်သူမဆို မိမိဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို အစွန်းရောက်သော လုပ်ဆောင်မှုမျိုး မဟုတ်ဘဲ မျှတစွာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရန်လိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၁၂ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် အထက်ပါကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြို့ချစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကိုလိုနီဖြစ်ခဲ့ရသည့် ဆိုးမွေများနှင့် ပတ်သက်၍ မိမိနိုင်ငံလွတ်လပ်ရေး ဆုံးရှုံးခဲ့ရချိန်တွင် တိုင်းရင်းသားများကြား ခွဲခြားဆက်ဆံခံရမှုကြောင့် ညီညွတ်မှု ပျက်ပြားခဲ့ရသည့် အခြေအနေများ၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားများ အချင်းချင်း အထင်အမြင် လွဲမှားမှုများကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေး၊ အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး သဘောထားကွဲလွဲမှုများကြောင့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည့် အခြေအနေများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် ဒေသအလိုက် ပကတိအခြေအနေများကို မှန်ကန်စွာသုံးသပ်ပြီး အဓိကနှင့် သာမည ခွဲခြားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဓိကဖြစ်သည့် အခက်အခဲများကို စုစည်းညီညွတ်သည့် အင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း ထည့်သွင်း ပြောကြားသည်။

ထို့ပြင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံ လူဦးရေ ၅၂ သန်းကျော်တွင် ၈၇ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး ခရစ်ယာန်ကိုးကွယ်သူ ခြောက်ရာခိုင်နှုန်း၊ အစ္စလာမ်ကိုးကွယ်သူ လေးရာခိုင်နှုန်းနှင့် အခြားကိုးကွယ်မှု ရာခိုင်နှုန်း အနည်းငယ်မျှရှိကြောင်း၊ မည်သူမဆို မိမိဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို အစွန်းရောက်သော လုပ်ဆောင်မှုမျိုး မဟုတ်ဘဲ မျှတစွာ ထိန်းသိမ်းစောင့်ရှောက်ရန် ကာကွယ်ကြရန်လည်း လိုကြောင်း ထည့်သွင်းပြောကြားသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



## တအောင်း၊ AA နှင့် ကိုးကန့်တို့ လက်နက်မစွန့်ပါက ငြိမ်းချမ်းရေး ဆွေးနွေးစရာ မရှိဟု တပ်မတော်ပြော

တအောင်း၊ AA နှင့် ကိုးကန့်အဖွဲ့တို့ အနေဖြင့် လက်နက်မစွန့်ပါက တပ်မတော်အနေဖြင့် ၎င်းတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးစရာမရှိဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့က ပြောကြားသည်။

ပြီးခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အတွင်းကလည်း အဆိုပါ သုံးဖွဲ့ကို လက်ခံခြင်း မရှိသကဲ့သို့ လက်ရှိအစိုးရ လက်ထက်တွင်လည်း တပ်မတော်ဘက်က လက်ခံသွားနိုင်ခြေ မရှိရခြင်းမှာ အဆိုပါ သုံးဖွဲ့သည် ဒီမိုကရေစီစနစ်ကို ဦးတည်သွားမည့် အချိန်မှာပင် ဒီမိုကရေစီအစိုးရကို လက်နက်ဆွဲကိုင် တိုက်ခိုက်လာခဲ့ခြင်းဖြစ်ကာ ယင်းမှာ ဒီမိုကရေစီစနစ်ကို မလိုလားကြောင်း ပြသရာ ရောက်နေသည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



**"သူတို့ တကယ်တမ်း လုပ်ရမှာက လက်နက်ကို စွန့်ရပါမယ်။ လက်နက်မစွန့်ရင် ကျွန်တော်တို့က သူတို့နဲ့ ငြိမ်းချမ်းရေးမဆွေးနွေးနိုင်ပါဘူး၊ လက်နက်စွန့်ဖို့ လိုကို လိုပါတယ်"**

ဟု ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးက ပြောသည်။

တပ်မတော်၏ ငြိမ်းချမ်းရေးသဘောထားသည် ယခင်ကာလမှစ၍ ယခုအထိ တစ်သမတ်တည်းသာဖြစ်ပြီး လက်ရှိအရပ်သားစစ်စစ်အစိုးရလက်ထက်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆိုသည်။

သို့သော်လည်း ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော NCA ကို အခြေခံ၍ ဆက်လက်လုပ်ဆောင်သွားလိုကြောင်း တပ်ချုပ်က ပြောသည်။

လက်ရှိဖြစ်ပွားနေသော ထိတွေ့မှုများကိုလည်း မီဒီယာအချို့က ဖော်ပြနေကြသည့် စကားလုံးမှာ ပြည်တွင်းစစ်ဟု တွေ့ရပြီး အမှန်တကယ် စစ်ပွဲအဆင့်ကို မရောက်ကြောင်း၊ စစ်ပွဲဆိုသည်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သို့မဟုတ် ပြည်တွင်း၌ အင်အားတူ အဖွဲ့နှစ်ဖွဲ့အကြား တိုက်ခိုက်မှု ဖြစ်နေသော ထိတွေ့မှုများမှာ တိုက်ပွဲသာဖြစ်ကြောင်း တပ်ချုပ်က ဆက်လက်ပြောကြားသည်။

**"လက်နက်စွန့်နိုင်းတယ် ဆိုတာက လက်နက်ချခိုင်းတာ မဟုတ်ပါဘူး၊ လက်နက်တွေကို စိတ်ချလုံခြုံတဲ့ နေရာမှာ သမာသမတ်ကျတဲ့ သူတွေနဲ့ သေချာညှိနှိုင်းပြီး သိမ်းထားတဲ့ သဘောမျိုးပါ။ တိုင်းရင်းသားတွေကို ကျွန်တော်တို့ လေးစားပါတယ်"**

ဟု တပ်ချုပ်က ပြောသည်။

ရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသော AA နှင့် တိုက်ပွဲကိုလည်း တပ်မတော်ဘက်က လုံးဝဖြစ်ချင်စိတ် မရှိသည့်အပြင် အမြဲဆိုး ချင်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသွားချင်ပြီဖြစ်ကြောင်း၊ AA ဘက်က လက်နက်စွန့်ပါက ငြိမ်းချမ်းရေး စားပွဲဝိုင်း၌ ဆွေးနွေးရန် အသင့်ရှိသည့် ပုံစံမျိုးဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



၊

## အသက် ၆၀ ပြည့် ပင်စင်နားမည်မဟုတ် နိုင်ငံရေးလောကသို့ ဝင်မဝင် ၂၀၂၀ မှသာ ပြောနိုင်မည်ဟု တပ်ချုပ်ဆို

ယခုနှစ် အတွင်းတွင် အသက် ၆၀ ပြည့်မည် ဖြစ်သော်လည်း တပ်မတော်၏ စည်းမျဉ်းစည်းကမ်းအရ လိုအပ်သည်အထိ တာဝန်ထမ်းခွင့် ရှိနေကြောင်း၊ အသက် ၆၀ ပြည့်သော်လည်း တာဝန်မှ အနားယူမည် မဟုတ်ဘဲ ၂၀၂၀ ခန့်မှသာ နိုင်ငံရေးလောကသို့ ဝင်မဝင် ပြောနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

ယခုနှစ်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အသက် ၆၀ ပြည့်မည် ဖြစ်သည့်အတွက် တာဝန်မှ နားမည်လော၊ သက်တမ်း တစ်နှစ် ထပ်တိုးထားသည်ဟု ကြားသဖြင့် အနာဂတ် မည်သို့ရှိမည် ဆိုသည်ကို သတင်းမီဒီယာများက မေးမြန်းလာခြင်းအပေါ် တပ်ချုပ်က ဥပဒေအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

**"အသက် ၆၀ ပြည့်လည်း ပင်စင်မယူပါဘူး"**

**မျိုးချစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟု တပ်ချုပ်က ပြောကြားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း တပ်မတော်၏ ကိစ္စရပ်များအတွက် တပ်မတော်က စိတ်ကြိုက်လုပ်ပိုင်ခွင့်ရှိကြောင်း၊ သာမန်ဝန်ထမ်းများနှင့် တပ်မတော်၊ ရဲတပ်ဖွဲ့တို့မှာ တူညီမှု မရှိကြောင်း ဆိုသည်။

**"တပ်မတော်ရဲ့သဘာဝနဲ့ ဥပဒေတွေ ရှိပါတယ်။ ဥပဒေကဲ့သို့ အမိန့်ထုတ်ပြီး ဆောင်ရွက်လို့ရတဲ့ ကာကနကောင်စီ ဆိုတာ ရှိတယ်။ ၁၉၇၃ ကတည်းက ထုတ်ခဲ့တဲ့ အမိန့်တစ်ခု ရှိတယ်။ အဲဒီအမိန့် အတည်ဖြစ်တယ်။ အဲဒီမှာ ပြဋ္ဌာန်းထားတာက ပြန်တမ်းဝင်အရာရှိ အဖြစ်ခန့်အပ်ခံရတဲ့ အရာရှိဟာ မိမိအား စစ်ဘက်ဆိုင်ရာတွင်ဆက်လက်ပြီး တာဝန်ထမ်းဆောင်စေရရန် လိုအပ်သည့်ကာလအထိ ဆက်လက် စစ်မှုထမ်းရမည်ဟု ဆိုထားတယ်၊ ဒါဟာ လိုလို့ရှိရင် သေတဲ့အထိ တာဝန်ထမ်းဆောင်ရမယ်လို့ ပြောတဲ့ သဘောပဲ၊ ကန့်သတ်ချက် မရှိဘူး"**

ဟု ၎င်းက ပြောသည်။

သို့သော်လည်း လုပ်ချင်ရာ လုပ်ခွင့်ရလောက်သည်အထိ ဖြစ်မနေစေရန်အတွက် အဆင့်အလိုက် တာဝန်ထမ်းဆောင်ရမည့် နှစ်ကန့်သတ်ချက်ကို ၎င်းက ပြင်ဆင်သတ်မှတ်ထားကြောင်း ဆိုသည်။

မည်သည့် ကာလတွင် နိုင်ငံရေးလောကသို့ ဝင်မည်နည်းဟူသော မေးခွန်းနှင့် ပတ်သက်၍...

**"လာမည့် အနာဂတ်နိုင်ငံရေး အနေအထားပေါ် မူတည်မည်ဖြစ်ကာ နိုင်ငံရေးပုံစံ ပြောင်းလဲမှုအပေါ် မူတည်၍ ၂၀၂၀ ခန့်မှသာ အတိအကျ ပြောနိုင်မည် ဖြစ်ကြောင်း"**

ယင်းက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်၍လည်း လုံးဝမပြင်ပါ ခံယူမထားဘဲ ပြင်ရမည့် ဥပဒေမျိုးသာ ဖြစ်ကြောင်း။ သို့သော် လိုအပ်သည့် အချိန်ရောက်မှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပေး မည်ဖြစ်ကြောင်း" ပြောသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းရေးရပြီး တိုင်းပြည်တည်ငြိမ်ပါမှ နိုင်ငံသားတိုင်း စစ်မှုထမ်းရမည့်ဥပဒေ အတည်ဖြစ်နိုင်မည်ဟု တပ်ချုပ် ပြော

နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရ ဥပဒေမှာ တိုင်းပြည် ငြိမ်းချမ်းရေးရရှိပြီး တည်ငြိမ်သွားပါက နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ပုံပေါ်လာရန် ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

အဆိုပါဥပဒေအတွက် ပြီးခဲ့သော သမ္မတဦးသိန်းစိန် လက်ထက်ကလည်း တင်ပြခဲ့ဖူးပြီး ငြိမ်းချမ်းရေး မရပါက ယင်းကိစ္စမှာ ခက်ခဲနေဦးမည်ကို ရိပ်စားမိသည့်အတွက် သမ္မတက အတည်မပြုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**"ငြိမ်းချမ်းရေး ရပြီးတော့ တိုင်းပြည် တည်ငြိမ်အေးချမ်းမှသာ အဲဒီကိစ္စက ဖြစ်နိုင်ပါမယ်။ နိုင်ငံတော်သမ္မတကလည်း ဒါကို အတည်ပြုပေးရပါဦးမယ်"**

ဟု တပ်ချုပ်က ပြောသည်။

**မျိုးချစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



**"တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် နိုင်ငံ၏ အမြင့်ဆုံး ပုဂ္ဂိုလ်ဖြစ်သော နိုင်ငံတော်သမ္မတထံတွင် လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတွင် လည်းကောင်း ဦးဆောင်မှု ခံယူထားသည်"** ဟုဆိုသည်။

စစ်မှုထမ်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းထားခြင်း မရှိသေးသော်လည်း နိုင်ငံကို ချစ်မြတ်နိုးသူများ အနေဖြင့် မည်သည့်အချိန်တွင်မဆို လာရောက် စစ်မှုထမ်းဆောင်နိုင်ကြောင်းလည်း တပ်ချုပ်က ပြောသည်။

လက်ရှိသမ္မတ ဦးထင်ကျော် ထံသို့လည်း ယင်းကိစ္စကို အလျှင်စလို တင်ပြမည် မဟုတ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုသာ အားစိုက်မည်ဖြစ်ကြောင်း တပ်ချုပ်က ဆိုသည်။

❖




www.burmeseclassic.com

www.burmeseclassic.com



# ရခိုင်တိုင်းရင်းသားအရေး အလေးထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Kofi Annan အား တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်တိုင်းရင်းသားများအတွက် ထိရှလွယ်သည့် ဖြစ်စဉ်ဖြစ်၍ ရခိုင်တိုင်းရင်းသားများ လက်ခံနိုင်ရန်မှာ အဓိကဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ဆန္ဒသည် အဓိကကျကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံသားဖြစ်မှုကိုသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအရေးတို့ကိုပါ ထည့်သွင်းစဉ်းစားရကြောင်း၊ ကော်မရှင်အနေဖြင့် ဖြစ်စဉ်ဖြစ်ပေါ်ခဲ့ရသည့် အခြေအနေ သမိုင်းကြောင်းနှင့်ယှဉ်၍ လေ့လာဆောင်ရွက်ရန် အကြံပြုလိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Kofi Annan အား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

စက်တင်ဘာ ၈ ရက်၊ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Kofi Annan အား တွေ့ဆုံစဉ် ယင်းသို့ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Mr. Kofi Annan နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံမှုတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နောက်ခံသမိုင်းကြောင်းနှင့် ပတ်သက်၍ ၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်–မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပထမစစ်ပွဲတွင် စစ်ရှုံးပြီး ရခိုင်ဒေသသည် ဗြိတိသျှကိုလိုနီ ဖြစ်သွားခဲ့ကြောင်း၊ ၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီ ဖြစ်ခဲ့ရကြောင်း၊ ယင်းကာလအတွင်း နယ်ချဲ့တို့က စီးပွားရေးအရ စပါးစိုက်ပျိုးရန် ဘင်္ဂလားဒေသမှ ဘင်္ဂါလီများ ခေါ်ယူခဲ့ရာ ရခိုင်ဒေသတွင် တဖြည်းဖြည်း လူဦးရေများလာခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေသမှ လာသည့်သူများဖြစ်၍ မိမိတို့က ဘင်္ဂါလီဟု ခေါ်ဆိုကြောင်း၊ ယခင်က ဘင်္ဂလားနယ်မြေမှာလည်း အရှေ့ဘင်္ဂလားနှင့် အနောက်ဘင်္ဂလားဟု နယ်မြေနှစ်ခု ကွဲသွားပြီး ၁၉၇၁ ခုနှစ်တွင် အရှေ့ဘင်္ဂလား(အရှေ့ပါကစ္စတန်)နယ်မြေမှာ ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြစ်ပေါ်လာကြောင်း၊ ယင်းဘင်္ဂါလီများက သူတို့ကိုယ်ကို "ရိုဟင်ဂျာ"ဟု သုံးစွဲလာခြင်းဖြစ်ကြောင်း၊ ယခု ဘင်္ဂလားဒေ့ရှ်တွင် နေထိုင်သူများနှင့် ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု အတူတူပင်ဖြစ်ပြီး မိမိတို့နှင့် ကွဲပြားခြားနားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံတွင် ရခိုင်တိုင်းရင်းသား ၈ မျိုးနှင့် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စုကျော်ရှိပြီး ယင်းမူလတိုင်းရင်းသားမျိုးနွယ်စုများတွင် ဘင်္ဂါလီများက မူလနေထိုင်သည့် ဒေသခံ ရခိုင်တိုင်းရင်းသားများကို တိုက်ခိုက်ခဲ့၍ နယ်စပ်ဒေသ ဘူးသီးတောင်၊ မောင်တောနယ်မြေမှ Native ရခိုင်များသည် အောက်ဘက်စစ်တွေ၊ ပုဏ္ဏားကျွန်းဘက်သို့ ထွက်ပြေးခဲ့ရကြောင်း၊ ၁၉၄၂ ခုနှစ်တွင် ရခိုင်၊ ဘင်္ဂါလီပဋိပက္ခများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ရခိုင်လူမျိုး နှစ်သောင်းကျော် သေဆုံးခဲ့ရကြောင်း၊ နယ်ချဲ့အင်္ဂလိပ်များ မြန်မာပြည်မှ ဆုတ်ခွာထွက်ပြေးချိန်တွင် ဖက်ဆစ်ဂျပန်တို့ကို တိုက်ခိုက်ရန် ပေးအပ်ခဲ့သည့် လက်နက်များအသုံးပြု၍ ရခိုင်တိုင်းရင်းသားများကို တိုက်ခိုက်သတ်ဖြတ်ခဲ့ခြင်းမှာ ရခိုင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားများ၏ များစွာခံပြင်းမှုကို ဖြစ်ပေါ်စေကြောင်း ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် သမိုင်းဖြစ်စဉ်တွင် မူဂျာဟစ်သောင်းကျန်းမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်တွင် ရခိုင်ဒေသရှိ ဘင်္ဂါလီများသည် မူဂျာဟစ်သောင်းကျန်းသူအဖြစ် အစိုးရကို လက်နက်ကိုင်၍ စတင်တိုက်ခိုက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ဆက်လက် တိုက်ခိုက်မှုများရှိ၍ တပ်မတော်အနေဖြင့် ပြန်လည်တိုက်ခိုက် ချေမှုန်းခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းသားလက်နက်ကိုင် ပြည်ပြုပကန္ဒများ ဖြစ်ပွားခဲ့ရခြင်း၊ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် ဗကပသောင်းကျန်းသူများကို နှိမ်နင်းခဲ့ရခြင်းတို့ကြောင့် ယင်းအချိန်ကာလ အစိုးရများအနေဖြင့် ရခိုင်ဒေသ ဘင်္ဂါလီအဝင်အထွက် များစွာကို ထိရောက်စွာ ကြပ်မတ်နိုင်မှုမရှိကြောင်း၊ ယင်းအခြေခံအကြောင်းအရာများမှ အဆင့်ဆင့်ဖြင့် ယခုအခြေအနေအထိ ရောက်လာခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရခိုင်ဒေသ ဘင်္ဂါလီဦးရေ တိုးပွားမှုနှင့် ပတ်သက်၍ ၁၉၄၂ ခုနှစ် မှတ်တမ်းများအရ နယ်စပ်ဒေသ မောင်တောခရိုင်တစ်ခုတည်းတွင်ပင် ဘင်္ဂါလီဦးရေ ၁၂၄၄၅၂ ဦးရှိခဲ့ပြီး ၁၉၈၆ ခုနှစ်စာရင်းအရ ၂၆၀၀၀၀ ကျော်ဖြစ်၍ အနှစ် ၄၀ ခန့်အတွင်း လူဦးရေနှစ်ဆတိုးပွားခဲ့ကြောင်း၊ မိမိနိုင်ငံဥပဒေအရ တစ်လင်တစ်မယားစနစ် ကျင့်သုံးသော်လည်း ယင်းတို့အနေဖြင့် လိုက်နာကျင့်သုံးမှုမရှိဘဲ အိမ်ထောင်ပြုမှုများသည် စနစ်ကြောင့်လည်း လူဦးရေ တိုးပွားလာခြင်းဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံသားစိစစ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားရာတွင် မိမိနိုင်ငံအနေဖြင့် လူဦးရေ လွန်စွာများပြားသည့် အိမ်နီးချင်းနိုင်ငံများ



www.burmeseclassic.com

www.burmeseclassic.com



အကြားတွင် တည်ရှိနေကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းမှာ အများ မခံနိုင်ခြင်းကြောင့် အထောက်အထား ပြည့်စုံစွာဖြင့် အချိန်ယူ စိစစ်ရ ကြောင်း၊ ရခိုင်ဒေသတွင်လည်း နိုင်ငံသား စိစစ်ခြင်း လုပ်ငန်းစဉ်များကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း။

ယင်းဥပဒေနှင့် ကိုက်ညီပါက နိုင်ငံသား၊ နိုင်ငံသားပြုခွင့်နှင့် ဧည့်နိုင်ငံသား စသည်ဖြင့် ဥပဒေနှင့်အညီ သတ်မှတ်ခံစားခွင့် ရမည်ဖြစ် ကြောင်း၊ ဒုက္ခသည်စခန်း ပြင်ပတွင် ရှိနေသည့် ဘင်္ဂါလီများအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိလျှင် စိစစ်မှုခံနိုင်မည်ဟု ယူဆကြောင်း၊ နိုင်ငံ သား စိစစ်မှု လုပ်ငန်းစဉ်များအား မှန်ကန်စွာ သိရှိပြီး နှစ်ဖက်စလုံးက စိတ်ရှည်မှုရှိရန်လိုကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ဘာသာရေးဆိုင်ရာ လွတ်လပ်စွာ ကိုးကွယ်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် လူဦးရေ ၅၂ သန်းကျော်ရှိပြီး ဗုဒ္ဓဘာသာ ကိုးကွယ်သူ ၈၇ ရာခိုင်နှုန်းကျော်၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၆ ရာခိုင်နှုန်းကျော်၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ ၄ ရာခိုင်နှုန်းကျော်နှင့် ကျန်ရာခိုင်နှုန်း အနည်းငယ်မှာ အခြားဘာသာများကို ကိုးကွယ်ကြ ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗုဒ္ဓဘာသာသည် အများစု ကိုးကွယ်ပြီး ထူးခြားသော ဝိသေသရှိသည့် ဘာသာအဖြစ် အသိအမှတ်ပြုထားသကဲ့သို့ အခြားဘာသာ ကိုးကွယ်မှုကိုလည်း အသိ အမှတ်ပြုပြီး လိုအပ်သည်များ ကူညီစောင့်ရှောက်ရန် အတိအလင်း ပြဋ္ဌာန်း ထားကြောင်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သည့် အချို့နိုင်ငံ၊ အစ္စလာမ် ဘာသာကိုးကွယ်သည့် အချို့နိုင်ငံများနှင့် ယှဉ်ကြည့်ပါက မိမိနိုင်ငံတွင် ဘာသာရေးနှင့် ပတ်သက်၍ တင်းကျပ်မှု မရှိဘဲ လွတ်လပ်စွာ ကိုးကွယ် ခွင့်ပြုထားကြောင်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ ၄ ရာခိုင်နှုန်းကျော် တွင်လည်း ရှေးနှစ်ပေါင်းများစွာက ရောက်ရှိမှု၊ ဘာသာကူးပြောင်း ကိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှုများအဖြစ် ရှေးယခင်ကတည်းက လက်ခံထားခြင်းဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင် နိုင်ငံသားများတွင် အဆင့်မြင့်တာဝန် ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများလည်းရှိကြောင်း၊ ယခုပြဿနာမှာလည်း ဘာသာရေးကြောင့် မဟုတ်ဘဲ ဘာသာရေးကို အခြေခံပြီး လှုံ့ဆော်နေမှုများသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မျှတစွာ သုံးသပ်ပြောဆို လုပ်ဆောင်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် Mr. Kofi Annan က ယခုကဲ့သို့ ရှင်းလင်းပြောကြားပေး၍ မိမိအတွက် သမိုင်းအသိ ရသွားပြီး အနာဂတ်ကို မြော်မြင်နိုင်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ယခုကိစ္စအတွက် ဆုံးဖြတ်ချက်ပေးခြင်း မဟုတ်ဘဲ Stakeholder များ၊ နှစ်ဖက်အသိုက်အဝန်းများနှင့် တွေ့ဆုံ၍ လေ့လာသုံးသပ်ပြီး အကြံပေးခြင်း၊ အကြံပြုခြင်းများသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှု ကိစ္စတစ်ခုတည်းသာမက ဒေသဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ဘက်စုံထောင့်စုံမှ လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိရခိုင်ဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် နှစ်ဖက်အသိုက်အဝန်း၏ စိုးရိမ်ပူပန်မှု အသီးသီးကိုလည်း ကြားသိခဲ့ရပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သည် ဆက်လက် ဆောင်ရွက်သင့်ပြီး ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းဖြင့် ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လေ့လာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြား၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကကပြည်

✤



www.burmeseclassic.com

www.burmeseclassic.com



နိဂုံး

သို့မဟုတ်

အင်အားပြည့် အပြုံးတစ်ခုကို

ဂုဏ်ပြုခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၁)

ပြောရလျှင် ကျွန်တော် ဤစာအုပ်ကို ရေးချင်နေသည်မှာ ကြာပြီ ဟု ရိုးသားစွာ ဝန်ခံချင်ပါသည်။ ပြောရလျှင် ကျွန်တော်က ဆန့်ကျင် ဘက်တစ်ခုကို စိတ်ဝင်စားသူ ဖြစ်သည်။

သမားရိုးကျ လူတိုင်းကြိုက်သည့် အရာကို ကိုယ်ကြိုက်တတ်သူ မဟုတ်။ အားမာန်ရှိသူကို နှစ်သက်သည်။ လေးစားတန်ဖိုးထားသည်။

ကျွန်တော်က ငယ်စဉ်ကတည်းက စစ်ဘုရင် သူရဲကောင်းတို့ကို လေးစားသူ။ အားကျသူ။

ထို့ကြောင့် ကျွန်တော် အတ္ထုပ္ပတ္တိရေးတော့ မြန်မာပြည်က ဗိုလ် ချုပ်အောင်ဆန်း အကြောင်း ရေးခဲ့သည်။ "အီရတ်ခေါင်းဆောင် ဆက်ဒမ် ဟူစိန်"အကြောင်း ရေးခဲ့သည်။

အထူးသဖြင့် မျိုးချစ်စိတ်ဓာတ် ထက်သန်သူအကြောင်းကို ပိုနှစ် သက်သည်။

ထို့ကြောင့် ဟိုချီမင်း အကြောင်း ရေးခဲ့သည်။ ဗိုလ်ချုပ်ကြီးဘဝ မှ သမ္မတဖြစ်သည့် ဦးသိန်းစိန်အကြောင်း ရေးသည်။ ဗိုလ်ချုပ်ကြီးနေဝင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အကြောင်းလည်း ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အထင်ကရ ကမ္ဘာ့ခေါင်းဆောင်များအကြောင်းလည်း ရေးသည်။ သမ္မတတွေအကြောင်းလည်း ရေးသည်။ ပြီးတော့ တောင်းဆိုလာသဖြင့် သမ္မတ ဦးထင်ကျော်အကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်း၊ ဒေါ်ခင်ကြည် အကြောင်းတို့ကို ရေးခဲ့သည်။

ကျွန်တော့်အမြင် ကျွန်တော့်ခံယူချက်အတိုင်း ရေးသည်။ အထူးသဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ရှေးရှုသူအကြောင်း အဓိကထား ရေးသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

သမ္မတဦးသိန်းစိန် အကြောင်းရေးဖို့ လေ့လာရင်း ကျွန်တော် တာကွယ်ရေးဦးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြောင်းကို စိတ်ဝင်စားသည်။

ခေတ်က လွတ်လပ်စွာ ရေးသားခွင့်ရှိသည့် အချိန်မို့ တစ်နေ့ ရေးမည်ဟု ဆုံးဖြတ်ပြီး ဟိုရ သည်စု စုသည်။ ဟိုမေး သည်မေးလည်း မေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး ကို မေးသည့် နိုင်ငံခြားသတင်းမီဒီယာများ၏ အင်တာဗျူးတွေ ဖတ်သည်။

လောက်ကိုင်တိုက်ပွဲချိန်တွင် ဗိုလ်ချုပ်မှူးကြီး၏ အရွှတ္တကို ဖျတ်ခနဲ မြင်လိုက်သည်။ လေးစားမိသည်။ တပ်မတော်သားတွေကို ရင်ဝယ် သားလိုချစ်သည်။ ကူညီသည်။

ကျွန်တော့်သူငယ်ချင်း "ရာဇာမင်း(ကျိုက်မရော)က လောက်တိုင် ချက်ရည် သွေးသက်သေ"ဆိုသည့် ကဗျာစာအုပ်ရေးပြီး ကျွန်တော့်ကို အမှာရေးခိုင်းတော့ ဖတ်ရင်း လောက်ကိုင်တွင် လွတ်လပ်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသက် သွေး ချွေး စတေး ကာကွယ်သည့် တပ်မတော်သားများကို လေးစားရသလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပီပီ ရဲဘော်၊ တပ်မတော်သားတို့နောက်မှ မပြတ်ရှိနေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို လေးစားပြီး စာတစ်ပုဒ်ရေးရန် ဆန္ဒပြင်းပြခဲ့သည်။

ထိုစဉ်… ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းမည့်သူတစ်ဦး ပေါ်ပေါက်ခဲ့သည်။ "တင်မောင်ထွန်း"ဖြစ်သည်။

သူက "သမ္မတကြီး ဦးသိန်းစိန် (သို့မဟုတ်) မြန်မာနိုင်ငံ၏ ဒီမိုကရေစီပဲ့ကိုင်ရှင်"စာအုပ် ရေးခိုင်းပြီး ထုတ်ဝေခဲ့သူ။

သူက ကျွန်တော့်အား…

"အာစရိ… ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြောင်း မရေးချင်ဘူးလား"

"ဟ… ရေးချင်တာမှ ဆတ်ဆတ်လူးနေတာ"

"ဒါဖြင့် ရေးမလား"

ကျွန်တော် သဘောတူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြောင်း ရေးတော့ ကျွန်တော့်ကို စာအုပ်စာတမ်း စတိုစာစမှ ခေတ်ပုံအထိ ကူညီသူများစွာ ရှိခဲ့သည်။

ပြောရလျှင် ဤစာအုပ်သည် အတ္ထုပ္ပတ္တိဟု မဆိုသာပါ။ အရွတ္တနှင့် ဖြတ်သန်းမှု အတွေးအမြင်များဟုသာ ဆိုရပါမည်။

ဗိုလ်ချုပ်မှူးကြီးအကြောင်း ပြုစုတော့ မြဝတီစာပေတိုက်မှထုတ်သည့် ဗိုလ်ချုပ်မှူးကြီးနှင့် နိုင်ငံတကာ သတင်းမင်းဒီယာတို့နှင့် တွေ့ဆုံခန်းကို အားပြုပါသည်။ နှစ်သက်သည့် ပုံအချို့ကိုလည်း သုံးစွဲပါသည်။ ထို့ကြောင့် ခွင့်လွှတ်စေချင်ပါသည်။ "ခွင့်လွှတ်ပါ"ဟု တောင်းပန်ချင်ပါသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး၏ စာအုပ်အမည်ကိုမူ ဗိုလ်ချုပ်မှူးကြီးသည် တိုင်းပြည်ကို ချစ်သူ၊ လူမျိုးကို ချစ်သူ၊ တပ်မတော်ကို ချစ်သူ၊ တိုးတက်လိုသူဟု ယူဆယုံကြည်ပါသဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်"ဟု ခေါင်းစဉ်သုံးနှုန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ၊ မြန်မာနိုင်ငံရှိ အတွေးများ၊ အမြင်များနှင့် အမှန်တရားနှင့် ဝေးနေသူများအတွက် တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းမည် ထင်ပါသည်။

ဤသို့ဆိုလျှင် မြန်မာနိုင်ငံရှိ အတွေးများ အမြင်များနှင့် အမှန်တရားနှင့် ဝေးနေသူများအတွက် တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းမည် ထင်ပါသည်။

ဤသို့ဆိုလျှင် ရေးရကျိုး ပြုစုရကျိုး နပ်ပြီဟု ထင်ပါသည်။

စာဖတ်သူများ၏ရဲ့

(နေစိုးထက်)

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

၁။ သူတို့အရပ်၊ သူတို့ဇာတ်မှ စစ်သားနှင့်နိုင်ငံရေး(ပတွဲ၊ ဒုတွဲ) ဗလမင်းထင် ပြုစုသည်။

၂။ တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ်း
၁၉၄၁ မှ ၁၉၉၀ အထိ
မြဝင်း ပြုစုသည်။

၃။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ပသတင်းဌာနများ
တွေ့ဆုံမေးမြန်းမှုကောက်နုတ်ချက်
(မြစ်တီစာပေတိုက်)

၄။ ဒီမိုကရေစီရှေ့လက်ပိုင်ရှင်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ
နေစိုးထက်၊ (ခိုင်ဇင်စိုးစာပေ)

၅။ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး အထင်ကရခေါင်းဆောင်များ
အောင်မြတ်ဦး၊ (ခိုင်ဇင်စိုးစာပေ)

၆။ တပ်ဗိုလ်၊ တပ်မင်း၊ တပ်ချုပ်ကြီးများအား လူအုပ်ကြားမှ
တိုးဝှေ့ကြည့်ခြင်း
(အောင်စွမ်း)

၇။ နိုင်ငံရေးမိုးသက်မုန်တိုင်းနှင့် နိုင်ငံတော်သမ္မတများ
(အောင်မြတ်ဦး)

၈။ ပြည်တွင်းထုတ်ဂျာနယ်များ
နေ့စဉ်ထုတ်သတင်းစာများ။

www.burmeseclassic.com